www.dhammaransi.com

ဝန်းသိုမြို့၊
ခန္တီးစာသင်တိုက်နှင့် - ခန္တီးရိပ်သာ နှစ်ဌာန တို့၏
နာယကဖြစ်တော်မူသော ကျေးဇူးရှင်
အဂ္ဂမဟာပဏ္ဍိတ

# အဘိဓဇ မဟာရဋ္ဌဂုရု
# ခန္တီးဆရာတော်ဘုရားကြီး

ဟောကြား (ပြု,သ) ဆုံးမတော်မူသော

# အာနာပါန ဝဋ်မှထွက်ခန်း ကမ္မဋ္ဌာန်း

နှင့်

# ယထာ ဘူတ ဉာဏ် အမြင်မှန်

သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်၊
"ကိစ္စ ဉာဏ် အတွက်" အထူး ရေး သား ထား သည်။

☆ ☆ ☆

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၂၈)
၁၉၈၁-ခု ဒုတိယအကြိမ် အုပ်ရေ-၃ ကျပ်။

၁၆၄

www.dhammaransi.com

အဂ္ဂမဟာပဏ္ဍိတ

# အဘိဓဇ မဟာရဋ္ဌဂုရု



## ခန္တီးဆရာတော်ဘုရားကြီး

www.dhammaransi.com

ဝန်းသိုမြို့၊
ခန္တီးစာသင်တိုက်နှင့် - ခန္တီးရိပ်သာ နှစ်ဌာနတို့၏
နာယကဖြစ်တော်မူသော ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇ မဟာရဋ္ဌဂုရု
ခန္တီးဆရာတော်ဘုရားကြီး
ဟောကြား (ပြု,သ) ဆုံးမတော်မူသော

# အာနာပါန ဝင်္ဂမှထွက်ခန်း ကမ္မဋ္ဌာန်း

နှင့်

# ယထာဘူတ ဉာဏ် အမြင်မှန်

ဘာသာရေး ဆိုင်ရာ စာပေ ခွင့်ပြုချက်အမှတ် (၂၈)
ဒုတိယအကြိမ်
အအုပ်ရေ - ၃ဝဝ၀

www.dhammaransi.com

## တောင်းပန်ချက်။

ဤစာအုပ်သည် ကိစ္စဉာဏ်အတွက် သီးသန့်ရေးသားထားခြင်းဖြစ်ပါ၍၊ အထူးသတိပြု ဖတ်ရှုပါရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်၊ ဆရာဘောဘော်ဘုန်းကြီး အနားမှာ ထိုင်ပြီး တရားပြသ ဟောကြားနေသည်ဟု အာရုံပြုထားပါ

# သစ္စဉာဏ်၊ ကိစ္စဉာဏ် ကတဉာဏ်၊

---

### သစ္စဉာဏ်ဆိုသည်မှာ—

သိစရာ ကိစ္စအဝဝ ကို ဆိုလိုပါသည်။ သစ္စ ဉာဏ် မပြည့်စုံက ပြုဘွယ်ကိစ္စ အရာရာတို့သည် မိမိလိုရာ ပန်းတိုင်သို့ လွယ်ကူပြီးမြောက်အောင် ဆုံးခန်းတိုင် ရောက်မည် မထင်ပါ ဤနေရာ၌ မေးဘွယ်ရာရှိပါသည်၊ မိမိတို့သည် လူမှုကိစ္စများ ပြားလှ၍ ရဟန်းတော်များလို ပရိယတ္တိ မသင်ကြားနိုင်၍ သစ္စဉာဏ်မပြည့်စုံလျှင် မရဘူးလား—။

ဟုတ်ပါတယ်။ သိနိုင်ရင် ပိုကောင်းတာပေါ့၊ သို့သော်လဲ မိမိ ကမ္မဋ္ဌာန်းအလုပ် လုပ်မည်ဆိုပါတော့၊ မိမိလုပ်မည့် ကိစ္စကိုတော့ အရာရာ ရှင်းလင်း ပြတ်သားစွာ သိရင်လဲ သစ္စဉာဏ် ပြည့်စုံတယ်လို့ ယူဆနိုင်ပါတယ်၊ ဒါလောက် သိရင်လဲ လွယ်ကူစွာ ပြီးမြောက်ပါလိမ့်မယ်။

www.dhammaransi.com

ကိစ္စဉာဏ် မှာ—

အလုပ်စခန်း ဖြစ်သည့် အတွက် - တနေ့ခြင်း ပြည့်စုံအောင် ကြိုးစားလုပ်ကိုင်ရပါသည်၊ သီလနယ်၊ လုပ်ကိုင်တဲ့နေ့ကစပြီး မကျိုးမပေါက်အောင်၊ သမာဓိနယ်၊ ထွက်တယ် ဝင်တယ် မှတ်–ဆိုသောနေရာမှာ နည်းရင် နံ့ရီ ဝက် များရင် တနာရီ ဟု ရေး သား ထားပါတယ်၊ ထွက် ဝင် ဆိုတဲ့ စိတ်ကလေး တည်ဘယ်, မတည်ဘူး—ဆိုဘာ မိမိ အသိဆုံး ဖြစ် ပါတယ်၊ တည် နေ ရင် ထိ သိ နှစ်တန် ရုပ်နှင့် နာမ် အမှန်ဖြစ်ပေါ်လာ၊ ဤသို့ ဉာဏ် အား ကောင်းမှ ရုပ်, နာမ် ဖြစ်,ပျက် အဆက်ဆက် ဖြစ်ပျက်ရှုရပါသည့် ပဋ္ဌမတည်အောင် ကြိုးစားပါ၊ တည်ရင် ခေတ္တ ရပ်ထားပြီး အကြောင်း နှင့် အကျိုးကို သိမ်းဆည်းပါ-ဟု ရေးသားထားပါသည်၊ ဤနေရာ၌ ပစ္စယပရိဂ္ဂဟဉာဏ်ကို ရေးခြင်းဖြစ်ပါသည်။

ကတဉာဏ်ဆိုသည်မှာ—

ပြီး မြောက် ခြင်း - ဟု အဓိပ္ပါယ် ရပါ သည်၊ သီလ, သမာဓိ ပြီးမြောက်ရင်လဲ ကတဉာဏ်ပါဘဲ၊ ဝိပဿနာ ပညာ ရှိရင်လဲ ပြီးမြောက်တယ် ဆိုရမှာပါဘဲ၊ မဂ် ကိစ္စ, ဖိုလ် ကိစ္စ ကြီးကို တမျှော်တခေါ် မှန်းဆပြီး မယူဆပါနှင့်၊ ပြီးမြောက် သလောက် ကတဉာဏ်လို့ ယူဆပြီး မဂ်အဆင့်ဆင့် ပြီးမြောက် အောင်မြင်နိုင်ပါစေသော်။

ဦးမောင်ကြီး။

www.dhammaransi.com

# အထူး သတိပြုရန်-

ဝန်းသို့မှ ခန္ဓီးရိပ်သာ ဆရာတော်ဘုရားကြီးရေးသား တော်မူသော အောက်ပါ စာအုပ်များ ဝယ်ယူသောအခါ အကြောင်းတခုခုကြောင့် မနှစ်သက်လျှင် မစုတ် မပြဲ မညစ် မနွမ်း ပါက တလ အတွင်း ပြန်လည် ပေး အပ်နိုင်ကြောင်း တာဝန်ယူပါသည်။

( ရနိုင်သော စာအုပ်များ )

ဆဋ္ဌာအလင်းပြ တအုပ် - ၃၀ ကျပ်
ဘာသာအလင်းပြ တတိယ တအုပ် - ၂၀ ကျပ်
ဘာသာအလင်းပြ ဒုတိယ တအုပ် - ၅ ကျပ်
ဘာသာအလင်းပြ ပဌမ တအုပ် - ၄ ကျပ်
ခန္ဓာဒီပကာသနီ - ၄ ကျပ် ၅၀ ပြား
ဝိပဿနာကျင့်စဉ် နောက်ရိုက် - ၅ ကျပ်
ဝဋ်မှထွက်ခန်းကမ္မဋ္ဌာန်းနှင့်-
ယထာဘူတဉာဏ် အမြင်မှန် နှင့်မျိုးတွဲ ၄ ကျပ်
အနုဋ္ဌသာသနာ တအုပ် - ၂ ကျပ်
ဒုလ္လဘလက်စွဲ တအုပ် - ၂ ကျပ်
ဝိနယသိက္ခာ တအုပ် - ၅ ကျပ် ၅၀ ပြား
ဓာတ်ပြတ် ဝိပဿနာ ကုန်နေပါသည်။

www.dhammaransi.com

# ပန်ကြားလွှာ



**သူတော်စင် အပေါင်းတို့ခင်ဗျား**

ဤ စာအုပ်ငယ်ကလေးကို တွေ့မြင်ခြင်းအားဖြင့် သေးငယ်သော စာအုပ်ဟု ထင်မြင်ယူဆ၍ အမှတ် တမဲ့ ပေါ့ဆသွားမည်ကို စိုးရိမ်မိသောကြောင့်—

ကျွန်တော်သိမြင်သလောက်ကလေး ပန်ကြားပါရစေ

ဤစာအုပ်ငယ် အတွက် ဥပမာ ဆိုရသော် အရွက် အကိုင်း၊ အခေါက်၊ အကာ၊ အနှစ်၊ အမြစ် တို့ကို စုပေါင်းပြီး ကြိတ်ချေ၍ အဆီထုတ်သည့်ရှိသော် သေးငယ်သော အဆီကို ရမည်ဖြစ်ပါသည်၊ ဤကဲ့သို့ သေးငယ်သော အဆီ အနှစ် ရာဇကာမှ သုံးဆောင်မှီဝဲသူတို့အတွက် သူ၏ထက်မြက်သော တံခိုးအာနိသင်ကား ကြီးမားမည်မှာ အမှန်ပင်တည်း။

(တနည်း)ဆရာတော်ဘုရား ရေးသားတော်မူသော "ဘာသာအလင်းပြ ကျမ်းကြီး၊ သစ္စာအလင်းပြ ကျမ်းကြီး၊ ခန္ဓာဒီပကာသနီ ကျမ်းကြီး" များကို အကျဉ်းဆုံး အကျဉ်း ချုံး၍ ရေးသားထားသည်ဟုဆိုကလည်း မှားမည်မထင်ပါ။

ထို့အတူပမာ – ဤစာအုပ်သည် " ဝန်းသိုမြို့ အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ခန္တီးရိပ်သာ ဆရာတော်ဘုရား ကြီး" က ပိဋကတ်သုံးပုံမှ ရှာဖွေစုဆောင်း သင်အံလေ့ကျင့် အားထုတ်ပြီး ရေးသားပြုစုထားသော စာအုပ်ငယ်ကလေး ဖြစ်ပါသည်။

ဒုတိယအကြိမ်။

www.dhammaransi.com



ကျွန်တော်၏ဖြစ်ပုံမှာ ဘယ်တရားကိုနာလျှင် ရနိုးနိုး၊ ဘယ်ဟာ အားထုတ်လျှင် ရနိုးနိုး နှင့် ဂျပန်ခေတ် မှ စ၍ ၁၃၂၈–ခု၊ ဝါဆိုလအထိ ရနိုးနိုးနှင့်ပဲ ပြီးခဲ့ရသည်။ ၎င်း ဝါဆိုလရောက်သောအခါ မိမိလုပ်ကိုင်နေသော အလုပ်များ အားလုံးကို ရပ်သိမ်းနေချိန်လည်းဖြစ်ပါ၍ တရားအလုပ်ကို ဦးတည်လုပ်ကိုင်အုံးမှပဲဟု ဆုံးဖြတ်ပြီး ဆရာတော်ဘုရားကြီး ထံ ချဉ်းကပ်၍ ဤ–စာအုပ်ထဲကအတိုင်း ဟောကြား ပြသ ဆုံးမှုပဲ့ပြင်၍ ကျင့်ကြံအားထုတ်သောအခါတွင်(ဤသာသနာ၌ ဤအကျင့်ကိုကျင့်၍ ဤလမ်းကိုရောက်မည်ဟု တစ်တစ်ခွခွ တထစ်ချ မှတ်သားနာယူပြီး) နောက်က ဖြစ်ခဲ့ဘူးသော "နိုးနိုး" ဟူသော ဝိစိကိစ္ဆာတို့သည် လုံးဝ ပျောက်ကင်းသွားပါတော့သည်။

ကျွန်တော်ကဲ့သို့ ဖြစ်ကြသော သူတော်ကောင်း အပေါင်းတို့ကို သေသေချာချာ စေ့စေ့ငငြ ဂရုစိုက်ပြီး ကြည့်ရှုမှတ်သား လေ့လာပွားများ အားထုတ်တော်မူပါရန် အနူးအညွတ် တောင်းပန်အပ်ပါကြောင်း။

ထို့အတွက် ဤစာအုပ်ငယ်ကို ရိုက်နှိပ်ရခြင်းဖြစ်ပါသည်။

ဦးမောင်ကြီး
ခေတ်ဆန်ညွှန့်ပုံနှိပ်တိုက်
ကမ္ဘာ့ဝါတန်း-မန္တလေး။

ဒုတိယအကြိမ်။

www.dhammaransi.com



# အာနာပါန ဝဋ်မှထွက်ခန်း ကမ္မဋ္ဌာန်း။

ရဟန်းဆရာထံ ကမ္မဋ္ဌာန်းတောင်းပုံ

၁။ ကမ္မဋ္ဌာနံ မေ ဘန္တေ ဒေထ၊ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ။ } [ပါဠိလို ၃ခါဆို]

အရှင်ဘုရား၊ တပည့်တော်-တပည့်တော်မ, အား မွေးသေမစဲ ဝဋ်ဆင်းရဲမှ ကျွတ်လွတ်ထွက်မြောက် နိဗ္ဗာန် ရောက်ခြင်းငှါ၊ ကမ္မဋ္ဌာန်းတရား တပါးပါးကို ပေးသနား တော်မူပါဘုရား။ [မြန်မာလို ၃ခါဆို]

---

လူဆရာထံ ကမ္မဋ္ဌာန်းတောင်းပုံ

၂။ ကမ္မဋ္ဌာနံ မေ ဒေဟိ အာစရိယ၊ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ။ } [ပါဠိလို ၃ခါဆို]

ကမ္မဋ္ဌာန်းဆရာကြီး၊ ကျွန်တော် ကျွန်တော်မ အား မွေးသေမစဲ ဝဋ်ဆင်းရဲမှ ကျွတ်လွတ် ထွက်မြောက် နိဗ္ဗာန်ရောက်ခြင်းငှာ၊ ကမ္မဋ္ဌာန်းတရား တပါးပါးကို ပေးသနားတော်မူပါ ဆရာကြီး။ [မြန်မာလို ၃ခါဆို]

ဒုတိယအကြိမ်။

www.dhammaransi.com



မှတ်ချက်။ အဆိုပါ ပါဠိ-မြန်မာ နှစ်ဘာသာ တို့တွင် ကြိုက်ရာ တမျိုးမျိုးဖြင့် တောင်းလျှင်လည်း ကမ္မဋ္ဌာန်းတောင်းခြင်းကိစ္စ ပြီး၏ဟုမှတ်လေ။

ပုဗ္ဗကိစ္စ ငါးပါး

၁။ ငါ၏ ခန္ဓာကိုယ်ကို မြတ်စွာဘုရားအား စွန့်လှူပါ၏။

၂။ အရိယာပုဂ္ဂိုလ်တို့အား ပြစ်မှားမိသော် တောင်းပန်ဝန်ချပါ၏။

၃။ ငါပြုသမျှ ကုသိုလ်တို့သည် မဂ်-ဖိုလ်-နိဗ္ဗာန် ကို ကျေးဇူးပြုကြပါစေ။

၄။ သက်ရှိများစွာ သတ္တဝါတို့သည် ချမ်းသာကြပါစေ ချမ်းသာကြပါစေ။

၅။ သေရလှပြီ၊ သေရလှပြီ၊ သေရတဲ့ဘဝတွေ မမေရ မတွက်နိုင်အောင် များလှလေပြီ၊ လက်ရှိဘဝ သေနေ့က မဦးခင် သေခြင်းကင်းရာ၊ သေခြင်းမရှိရာ နိဗ္ဗာန်ရောက်ကြောင်း အလွန်ကောင်းသော တရားအလုပ် အားထုတ်မှုကို ဦးအောင်ပြု ဦးအောင်ပြု။

မှတ်ချက်။ ကမ္မဋ္ဌာန်းခွင် လုပ်ငန်းစဉ်သို့ ဝင်တိုင်း ဝင်တိုင်း ဤပုဗ္ဗကိစ္စငါးပါး ကို ရှေးဦးစွာ ပြုလုပ်ရမည်ဟု သတိရှိစေ။

ဒုတိယအကြိမ်။

www.dhammaransi.com



တမ္မဋ္ဌာန်းခွင် လုပ်ငန်းစဉ်သို့ ဝင်တဲ့အခါ နွား ရိုင်းကို ကြိုးနှင့်ချီ၍ဆုံးမသကဲ့သို့၊ စိတ်ရိုင်းကို သတိ တည်း ဟူသော ကြိုးနှင့်ချီ၍ ဆုံးမရသည်ဟူ၍လည်း သတိရှိစေဦး

(တနည်း) အပေါက်ခြောက်ပေါက်ရှိသော တောင် ပို့ခေါင်း၌ အောင်းနေသော မြွေကို ငါးပေါက်ပိတ်ပြီး တပေါက်ကစောင့်၍ဖမ်းသကဲ့သို့၊ ထို့အတူ၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနော ခြောက်ပေါက်ရှိသော ကိုယ်ခန္ဓာ တောင်ပို့ခေါင်း၌ အောင်းနေသော စိတ်မြွေကို မျက်စိ နား၊ နှာ၊ လျှာ၊ ကိုယ် ငါးပေါက်ကို အာရုံမပြုသော အား ဖြင့် ပိတ်၍ မနောပေါက်က စောင့်၍ ဖမ်းရမည်ကိုလည်း သတိရှိစေဦး။

အာဒိကမ္မိက အစဦးစွာ

အာဒိကမ္မိကာနံ မနသိကာရ သုကရတာယ
ဝိပဿနာယ အာဒိဘာဝေန ဥပိတာ။

(ဝိသုဒ္ဓိမဂ် မဟာဋီကာ)

အစိပ္ပါယ်မှာ-- မွေးသေဝဋ်က မလွတ်နိုင်ကြတဲ့ လူ နတ် တို့အား မွေးသေလွတ်တဲ့ နိဗ္ဗာန်ကို ရလိုရောက်လိုကြ လျှင် တရားအလုပ်အားမထုတ်ဘဲ နိဗ္ဗာန်ရောက်မြဲ နိဗ္ဗာန် ရမြဲ ထုံးစံမရှိသောကြောင့် မလွယ်သာ မရှောင်သာ တရား အလုပ် အားထုတ်ရမယ်တဲ့၊ အားထုတ်ဖြန့်တော့မယ် အန

ဒုတိယအကြိမ်။

www.dhammaransi.com



ဦးစွာ ကမ္မဋ္ဌာန်းခွင် လုပ်ငန်းစဉ်သို့ ဝင်ရောက်ကြတဲ့ ယောဂီတို့မှာ နှလုံးသွင်းဆင်ခြင်ခြင်း လွန်စွာ လွယ်ကူသည်၏ အဖြစ်ကြောင့် ဝိပဿနာ၏အစဌ အာနာပါနကိုဘဲ စ၍ အားထုတ်ရမည်ဟု ဆိုလိုသည်၊ အတော်အတန် ဝိပဿနာဉာဏ်၏အခြေခံ ဝီရိယ၊ သတိ၊ သမာဓိဉာဏ် ရင့်သန် အားရှိလာတဲ့အခါ ကြိုက်ရာကိုပြောင်း၍ အားထုတ်နိုင်ပါတယ်-တဲ့၊ သို့ရာတွင် ဤအာနာပါနသည် သမထကိုစွ၊ ဝိပဿနာကိုစွ နှစ်ဝလုံးဘဲပြီးစီးနိုင်ပါတယ်-တဲ့။

အလုပ်ခွင်ဝင်တဲ့အခါ ထိုင်နေပုံ

"နိသီဒတိ-ပလ္လင်္ကံ အာဘုဇိတွာ
ဥဇုံကာယံ ပဏိဓာယ" နှင့် အညီ၊

ရှေးဦးစွာ ဆိမ်ငြိမ်ရာသို့ကပ်၍ အဆိုပါ ပုဗ္ဗကိစ္စ ငါးပါးတို့ကို ပြုလုပ်ပြီးလျှင် ယောကျ်ားဖြစ်က တင်ပလ္လင်ခွေထိုင်၊ မိန်းမဖြစ်က တင်ပလွဲထိုင်၊ တင်းကြပ်စွာပေါင်နှင့်ခြေထပ်မထားနှင့်၊ ခါးအထက်ကိုယ်ကို ဖြောင့်ဖြောင့်ထား သက်ဝါးနှစ်ဖက် အောက်အထက် သို့မဟုတ်ဒူးပေါ် ပေါင်ပေါ်မှာထား၊ ကိုယ်ကို တောင့်မထားနှင့် လိုရင်းမှာ ခပ်ကြာကြာ နေထိုင်မဲ့ အနေအထိုင်မျိုးဖြင့် အဆင်ပြေသလိုသာ နေထိုင်၍ အားထုတ်ရမည်ဟု သိလေ-မှတ်လေ။

ဒုတိယအကြိမ်။

www.dhammaransi.com



## အလုပ်စခန်း လုပ်ငန်းစဉ် အာနာပါနပိုင်း

### သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ။

### ( သတိပဋ္ဌာန် ပါဠိတော် )

သော၊ ထိုယောဂီသည်။ သတောဝ၊ မလစ်စေမူ သတိပြု၍သာလျှင်၊ အဿသတိ၊ ထွက်သက်ကို ဖြစ်စေ (ဝါ)ရှူ၏။ သတောဝ၊ မလစ်စေမူ သတိပြု၍ သာလျှင် ပဿသတိ၊ ဝင်သက်ကိုဖြစ်စေ၏၊ (ဝါ) ရှိုက်၏။

[ ဤဿာ - အနက် ]

အဓိပ္ပါယ်....အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် သတိပြု၍ ထွက်သက်ကိုဖြစ်စေရမည်။ သတိပြု၍ ဝင်သက်ကို ဖြစ်စေရမည်၊ ထွက်တိုင်း ဝင်တိုင်း သတိပြု၍သတိပြု၍ ထွက်သက် ဝင်သက် ကို ဖြစ်စေရမည်။ သတိမပြုဘဲ၊ သတိမရှိဘဲ၊ သတိမပါဘဲ သတိလက်လွှတ်နှင့် တော့ ဘယ်အခါမှ ထွက်သက် ဝင်သက် ကို မဖြစ်စေရ၊ မဖြစ်စေနှင့်ဟု ဆိုလိုပေသည်။

"ပရိမုခံ သတိံ ဥပဋ္ဌပေတွာ" အရ မိမိစိတ် ကို အာရုံတပါး ထွက်မသွားစေဘဲ၊ (ဝါ) ပြင်ပအာရုံသို့ စိတ် မထွက်စေဘဲ မိမိအားထုတ်ရမဲ့ အာနာပါန ထွက်သက်

www.dhammaransi.com



ဝင်သက် အာရုံသို့သာ ရှေ့ရှုသတိကိုဖြစ်စေ၍ (ဖုဋ္ဌောကာသေ သတိံ ဥပေတွာ ဘာဝေန္တဿေဝ ဘာဝနာသမ္ပဇ္ဇတိ)နှင့်အညီ၊ မိမိစိတ်ကို ထွက်လေဝင်လေ ထိခိုက်မှု ထင်ရှားရာ နှာခေါင်းဖျားအထက်နှုတ်ခမ်းဖျား တပါးပါးမှာ အမြဲ စူးစူးစိုက်စိုက် ထားရမည်ဟုဆိုလိုသည်။

အထူး သတိပေးချက်

၁။ "သတိံ အဝိဇဟန္တော" သတိကို ဘယ်အခါမှ လက်မလွှတ်စေရဘူး-တဲ့။

၂။ "သတိဝိရဟိတဿ ဘာဝနာ နာမ နတ္ထိ" သတိ ကင်းသောသူအား အနုပဿနာ မည်သည် မရှိဘူး-တဲ့။

၃။ "သဗ္ဗတ္ထကာ ရိ" အမြဲတမ်း သတိရှိရ၊ အမြဲတမ်း သတိပြုရမယ်-တဲ့။

၄။ "သတိပုဗ္ဗင်္ဂမာယ ပညာယ သလ္လက္ခေတဗ္ဗံ" သတိ ရှေ့သွားရှိသော ပညာဖြင့် ရှုမှတ်ရမယ်၊ အားထုတ်ရမယ်ဆိုတဲ့အတိုင်း ထွက်လိုက်-ဝင်လိုက် ဖြစ်နေတဲ့ အာရုံ၌ ဝင်တိုင်း,ဝင်တိုင်း ထွက်တယ်-ဝင်တယ် ဟု စေ့စေ့ငငဲ၊ စေ့စေ့စပ်စပ် တချက်မှ မလစ်မလပ်ရအောင် အမြဲတမ်းသတိချပ်၍ သိမှတ်နေရမည်ဟု သိလေ-မှတ်လေ။ သို့ရာတွင် နှာခေါင်းရှည်သောသူအား နှာခေါင်း, နှာသီးဖျားမှာ၊ နှာခေါင်း

www.dhammaransi.com



တိုသော သူအား အထက် နှုတ်ခမ်းဖျားမှ လေ ထိခိုက်မှုထင်ရှားရာ တပါးပါးမှာ မိမိစိတ်ကို စူးစိုက်ထား၍ အားထုတ်ရမည်ဟု သိလေ-မှတ်လေ။

အာနာပါန လုပ်ထုံး-လုပ်နည်း။ (ထွက် - ဝင်)

၁။ ထွက်သက်ထွက်လျှင် ထွက်တယ်ဟု သတိပြု။
ဝင်သက်ဝင်လျှင် ဝင်တယ်ဟု သတိပြု။

ဤပုံဤနည်း ထွက်တိုင်းဝင်တိုင်း ထွက်တယ် ဝင်တယ်-ဟု တချက်မှ မလစ် မလပ် ရအောင် အမြဲတမ်း သတိချပ်၍ ရှုမှတ်နေရမည်ဟု သိလေ-မှတ်လေ။

တနည်း... ရှူ ရှိုက် { ၂။ ရှူလျှင် ရှူတယ်ဟု သတိပြု။
ရှိုက်လျှင် ရှိုက်တယ်ဟု သတိပြု။ }

ဤပုံဤနည်း ရှူတိုင်း ရှိုက်တိုင်း ရှူတယ် ရှိုက်တယ် ဟု တချက်မှ မလစ်မလပ်ရအောင် အမြဲတမ်း သတိချပ်၍ ရှုမှတ်နေရမည်ဟု သိလေ-မှတ်လေ။

တနည်း...ထိ - သိ

၃။ နှာသီး နှာခေါင်းဖျား၊ အထက်နှုတ်ခမ်းဖျားတို့ ၌ မိမိစိတ်ကို စူးစိုက်ထား၍၊ ရှိတ်ခနဲ ရိတ်ခနဲ နွေးခနဲ၊ အေးခနဲ တရိပ်ရိပ် တိုးထိတိုးထိနေသော ထိမှုကလေးပေါ်မှာသာ သိရုံ သိရုံသာ သိနေစေ၍ အသိမပြတ် စပ်နေအောင် အသိလိုက်၍လိုက်၍ နေရမည်ဟု သိလေ-မှတ်လေ။

www.dhammaransi.com



မှတ်ချက်။ အထက်ဖော်ပြပါ အာနာပါန ရှုနည်း သုံးနည်း တို့တွင် ကြိုက်ရာ တနည်းနည်းကိုယူ၍ နည်းလျှင် (နဲ) လျှင် နာရီဝက်၊ များလျှင် တနာရီ စသည်ဖြင့် သတိချင်းစပ် အသိချင်း စပ်သွားအောင် တဆက်တည်းတွန်း၍ ရှုမှတ် နေရမည်ဟု သိလေ မှတ်လေ။ ထိုအခါ ဆိုင်ရာပညာတ် နိမိတ်များကိုလည်း အဆင်ပြေသလို အနည်းနှင့်အများ တပါးပါးကို တွေ့မြင် ရတတ်လေသည်၊ လိုရင်း မဟုတ်သေး၍ သူတို့ကို လိုက်ကြည့်မနေရ၊ ရှုမြဲ မှတ်မြဲသာ ရှုမှတ်နေရမည်ဟု သိလေ မှတ်လေ။

သို့သော် — ကမ္မဋ္ဌာန်းပေး၊ တရားပေး၊ တရားအပ်တဲ့ ဆရာက တရားစစ်တဲ့အခါ မိမိ တွေ့မြင်နေရတဲ့ အတိုင်း လျှောက်ထားနိုင်သည်၊

ဤကား.... သတိမြဲရာ ပဌမာ၊ "ဒု" မှာ ရှည် - တို သိ။ လုံးစုံလင်းရာ "တ" ၌ သာ၊ "စ" မှာ ငြိမ်း စေ ဘိ။ ဆိုသော အာနာပါန သမထခန်း ပါဠိတော်နည်းတည်း။

အကျယ်သိလိုပါက အာသာဏာထင်းပြ တတိယမှာ ကြည့်လေ။

ဒုတိယအကြိမ်။

www.dhammaransi.com



## ဝိသုဒ္ဓိမဂ် ဋ္ဌကထာပြ အာနာပါန သမထနည်း

### အဋ္ဌကထာ နည်းမှာ

၁။ (ဂဏနာ) နည်း (အနေ့းအမြန်ရေတွက်) နည်း
၂။ (အနုဗန္ဓနာ) ။ (အာရုံ၌ စိတ်ကိုဖွဲ့ထား) ။
၃။ (ဖုသနာ) ။(ထိမှုပေါ်မှာသိမှုလိုက်နေသော)။
၄။ (ထပနာ) ။ (စိတ်ကို အာရုံ၌စိုက်ထား) ။
၅။ (သလ္လက္ခဏာ) ။ (လက္ခဏာရေးသုံးပါးရှု) ။
၆။ (ဝိဝဋ္ဋနာ) ။ (မဂ်လေးပါး ဖြစ်ပေါ်လာ) ။
၇။ (ပါရိသုဒ္ဓိ) ။ (ဖိုလ်လေးပါး ဖြစ်ပေါ်လာ) ။
၈။ (ပဋိပဿနာ) ။ (ပစ္စဝေက္ခဏာဉာဏ်ဆဲ့ကိုးတန်) ။

ဟူ၍[၈]နည်းရှိရာ၊ ( ဂနဏ, အနုဗန္ဓန, ဖုသန, ထပနာ ) ဤလေးနည်းတို့သာ သမထ, နည်းဖြစ်သည်။

ဆိုတွင် ... ဂဏနာနည်းဆိုသည်မှာ ထွက်လေ,ဝင်လေတို့ကို တစ်,နှစ် စသည်ဖြင့် ရေတွက်ရသော နည်းဖြစ်သည် ထိုရေတွက်ရသော နည်းမှာလည်း နှေးသောရေတွက်နည်း မြန်သော ရေတွက်နည်းဟု နှစ်မျိုးရှိရာ....

ရှေးဦးစွာ နှေးသော ရေတွက်နည်းဖြင့် ရေတွက်၍ နောက်မှ မြန်သော ရေတွက်နည်းကို ရေတွက်ရလေသည်။

ဒုတိယအကြိမ်။

www.dhammaransi.com



ရေတွက်ပုံမှာ—ရှေးနည်းအတိုင်း ထွက်လေဝင်လေတို့၏ ထိခိုက်မှုထင်ရှားရာ နှာသီးဖျား,နှုတ်ခမ်းဖျားတပါးပါးတို့မှာ မိမိစိတ်ကို စူးစိုက်ထားပြီးလျှင်—

ထွက်သက်တခါထွက်လျှင်တစ်၊ နှစ်ခါထွက်လျှင် နှစ် သုံးခါထွက်လျှင် သုံး၊ လေးခါထွက်လျှင် လေး၊ ငါးခါထွက်လျှင် ငါး၊ ဤလိုဤပုံ ငါးခု အဆုံးထား၍ ဖြစ်စေ၊ သို့မဟုတ် ခြောက်ခု၊ ခုနစ်ခု၊ ရှစ်ခု၊ ကိုးခု၊ ဆယ်ခု အဆုံးထား၍ဖြစ်စေ ရေတွက်ရသောနည်းတည်း။

ရေတွက်ပုံ – ထွက်သည်–တစ်၊ ထွက်သည်–နှစ်၊ ထွက်သည် သုံး၊ ထွက်သည်–လေး၊ ထွက်သည်–ငါး၊ တဖန် ပြန်စသည်ဖြင့်ရေတွက်ရသည်၊ ဝင်သက်၌လည်းနည်းတူသိ။

| | | |
|---|---|---|
| [ပုံစံကား] | ၁,၂,၃,၄,၅ | တဝါရ။ |
| | ၁,၂,၃,၄,၅,၆ | ။ |
| | ၁,၂,၃,၄,၅,၆,၇ | ။ |
| | ၁,၂,၃,၄,၅,၆,၇,၈ | ။ |
| | ၁,၂,၃,၄,၅,၆,၇,၈,၉ | ။ |
| | ၁,၂,၃,၄,၅,၆,၇,၈,၉,၁၀ | တဝါရ။ |

ဤပုံဤနည်း ထွက်သက်၌ အချိုးကျလျှင် ဝင်သက်၌လည်း ထို့အတူ ရေတွက်၍ အားထုတ်ရမည် ဟု သိလေ မှတ်လေ။

ဒုတိယအကြိမ်။

www.dhammaransi.com



မှတ်ချက်။ တဝါရ,တဝါရလျှင် ၅-ခုအောက်လည်း မနဲစေရ၊ ၁ဝ–ခုထက်လည်း မများစေရ၊ ၁-ခုဟူ၍၎င်း ၁၊၃၊၅ ဟူ၍၎င်း၊ ကြားဖြတ်၍လည်း မရေတွက်ရ၊ သို့ရာ တွင် အဆိုပါ ခြောက်ဝါရတို့တွင် မိမိနှစ်သက်ရာ တဝါရစီ သာ ရေတွက်၍ အားထုတ်ရမည်မှတ်၊ ဒေါက်လျှောက် (ဒေါက်ရှောက်) ၁ဝ-ခု ရောက်အောင်တဆက်တည်း မရေ တွက်ရ၊ တခုစီ,တခုစီ တိုး၍ တိုး၍ ရေတွက်ရမည်ဟု အယူ အဆ မှားတတ်သည်၊ အထူး သတိပြုလေ။

ဤလိုဤပုံ....နှေးသောရေတွက်နည်းဖြင့်ပင်ဒ (စိတ္တေ ဧကဂ္ဂေ ဝိပဿနာနံ့ဝနေ့တွာ) နှင့် အညီ ထွက်သက် ဝင်သက် အာရုံ၌ စိတ်တည်ငြိမ်မှု၊ ဧကဂ္ဂတာကျကျ သမာဓိ ရရရှိလျှင် ရုပ်, နာမ် ပိုင်းခြား၊ ရုပ်,နာမ် အကြောင်းကို သိမ်းဆည်း၍ ဝိပဿနာဘက်သို့ ကူးတက်နိုင်တော့သည်။

အကယ်၍၊ စိတ်မငြိမ်သက်သေး၍ မြန်သော ရေတွက် နည်းဖြင့် အားထုတ်ပြန်လျှင် ထွက်သက်ဝင်သက် မခွဲခြား တော့ဘဲ၊ အဆိုပါ ခြောက်ဝါရတို့တွင် ကြိုက်နှစ်သက်ရာ တဝါရကိုယူ၍—

ထွက်သည်–၁၊ ဝင်သည်–၂၊ ထွက်သည်–၃၊ ဝင် သည်–၄၊ ထွက်သည်–၅၊ တဖန်ပြန်စသည်ဖြင့် ရေတွက် ရ သည်၊ ဤလိုဤပုံ၊ နဲလျှင် နာရိဝက် များလျှင် တနာရီ

www.dhammaransi.com



စသည်ဖြင့် အမြဲမပြတ် တဆက်တည်းတွန်း၍ သမာဓိဉာဏ် ရင့်သန်လာအောင် ရေတွက်ရမည်ဟု သိ-လ-မှတ်လေ။

၁။ အနှေးအမြန်၊ အစဉ်မှန်၊ နှစ်တန်ရေတွက်နည်း။
(ဂဏနာ)

၂။ အမြဲအမြန်၊ အတွယ်သန်၊ တဘာန်ဖွဲ့ထားနည်း။
(အနုဗန္ဓနာ)

၃။ ငြိမ်ဝပ်ပြန့်ပြူး၊ စိတ်စိုက်စူး၊ အထူးစိတ်ထားနည်း။
(ထပနာ)

( လယ်တီဆရာတော် )

ဤကား — အဋ္ဌကထာပြ အာနာပါန သမထနည်း သက်သက် တည်း။

ဝိပဿနာ

( အဿာသ ပဿာသေ စကာယဥ္စရူပန္တိ၊ စိတ္တဥ္စ တံသမ္ပယုတ္တ ဓမ္မေစ အရူပန္တိ ဝဝတ္ထာပေတိ ) ဟူသော ဝိသုဒ္ဓိမဂ်အဖွင့် နှင့်အညီ၊ ထွက်သက်၊ ဝင်သက် ကိုရင်း၊ နှာခေါင်းကာယ ကိုရင်း၊ ရုပ်ဟူ၍စိတ်ကိုရင်း၊ ထိုစိတ် နှင့် ယှဉ်သော စေတသိက်တို့ကိုရင်း၊ နာမ်ဟုပိုင်းခြားပြီးလျှင် ထို ရုပ်နာမ်အကြောင်းကို သိမ်းဆည်း၍ အကြောင်း နှင့် တကွသော ရုပ်,နာမ်တို့ကို လက္ခဏာရေးသုံးပါးသို့ တင်၍ ဝိပဿနာဉာဏ်အဆက်ဆက်ဖြင့် တက်၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်စေရာ၏ ဟူလို။

ဒုတိယအကြိမ်။

www.dhammaransi.com



မှတ်ချက်။ နိဗ္ဗာန်ရကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း တရားအလုပ် အားထုတ်တဲ့ နေရာမှာ ( သမထ နည်း၊ ဝိပဿနာနည်း ) ဟု နှစ်မျိုးရှိရာ၊ ယခုပြခဲ့တဲ့နည်း-မှာ ကျမ်းဂန်မှာလာတဲ့ ပါဠိတော်နည်း၊ အဋ္ဌကထာနည်း သမထ သက်သက်သာ ရှိသေးသည်၊ ဝိပဿနာနည်း ကို နောက်မှ ပြမည်၊ သာသနာတွင်း၌ ဖြစ်၍ရင်း၊ ယခုအခါ သက်တန်း တိုတောင်းလှသောကြောင့်ရင်း၊ သမထနည်း မှာ မလိုလှ၊ ဝိပဿနာနည်းသာ လိုရင်းကြီးဖြစ်သည်။

သို့ရာတွင် … ဝိပဿနာဉာဏ်၏ အခြေခံ ( ဝိရိယ, သတိ သမာဓိ ) ဉာဏ် ရင့်သန်ဘို့ရာလည်း လိုအပ်သောကြောင့် ၎င်း၊ သမထရှုနည်း၊ ဝိပဿနာရှုနည်း၊ ဤနှစ်နည်းတို့ကို သိရှိနားလည်စေခြင်းငှါရင်း၊ ဤ၌ကား- နှစ်နည်းလုံးကို ပြထားသည်၊ သို့ပြသော်လည်း မိမိနှစ်သက်ရာ သမထ မှ တဆင့် . ဝိပဿနာဘက်-သို့ တက်လိုလည်း-တက်လေ၊ သို့မဟုတ် သမထမဘက်, ဝိပဿနာသက်သက် အားထုတ် လိုကလည်း အားထုတ်လေ။

## သမထနှင့် ဝိပဿနာ ခွဲခြား၍ သိထားပါ။

၁။ (သမထ) ဆိုသည်မှာ "သမေတီတိ သမထော" နှင့်အညီ လော,ဒေါ,မော စသော ကိုယ်တွင်းရန်သူ ကိလေသာ

www.dhammaransi.com



တို့ကို တဒင်္ဂ,တခဏ စသည်ဖြင့် ငြိမ်ဝပ်စေတတ်သော ကြောင့်(သမထ)ခေါ်ဆိုရသည်၊ တခုတည်းသောအာရုံ၌ စူးစိုက်တည်ငြိမ်မှု (ဧကဂ္ဂတာ) စေတသိက် ခေါ်သော (သမာဓိ)ကို ရ၏၊ စိတ်တည်ငြိမ်နေမှုကို သမာဓိ ဆိုသည် စိတ်တည်ငြိမ်နေ၍ ကိလေသာ (နီဝရဏ)ငြိမ်ဝပ်နေမှု ကို သမထ ဆိုသည်၊ (သမာဓိ နှင့် သမထ) အရ အတူတူပင် ယာဂုနှင့် ထမနဲ ကဲ့သို့တည်း။

၂။ (ဝိပဿနာ) ဆိုသည်မှာ (ဝိသေသေန ပဿတီတိ ဝိပဿနာ) နှင့် အညီ၊ သူငါမဟုတ် နာမ်နှင့်ရုပ် ဒုက္ခသစ္စာ အနိစ္စ,ဒုက္ခ,အနတ္တ သာဟု သိမြင်သော အသိထူး ဉာဏ်ထူး ကို(ဝိပဿနာ)ဆိုသည်၊ ပညိန္ဒြေ ခေါ်သော(အမောဟ) စေတသိက်ကိုရ၏၊ ယိသည်ကို ပညာဆိုသည်၊ အထူး သိ သည် ကို(ဝိပဿနာ)ဆိုသည်၊ (ပညာနှင့်ဝိပဿနာ) အရ အတူတူပင် ယာဂု နှင့် ထမနဲတည်း။

ဤလိုဤပုံ- သမထနှင့် ဝိပဿနာကို ခွဲခြား၍ သိထား ပါလေ။

အထူးမှာထားချက်.... ယခုဘဝမှာ အာနာပါန မဟုတ် သာသနာတွင်းဖြစ်သည်၊ သာသနာမှာ ဝိပဿနာ ပညာ မရှိ၊ ဝိပဿနာရှုနည်းမရှိ၊ ဈာန်ဆွာနည်း မသိ၍ သမာဓိ

ဒုတိယအကြိမ်။

www.dhammaransi.com



ဘက်မှ ဝိပဿနာဘက်သို့ ကူးပြောင်း၍ မရှုတတ်, မတက်တတ်သောကြောင့် ဘုရားရှင်နှင့် ၃၅နှစ်လောက်သာ လွဲချော်၍သွားသော(ဒေဝီလရသေ့ ဘုရားရှင်နှင့် ခုနှစ်ရက်လောက် သာ လွဲချော်၍ သွားသော (အာဠာရရသေ့ ) ဘုရားရှင်နှင့်အရုဏ်တက်လောက်သာလွဲချော်၍သွားသော ( ဥဒကရသေ့ ) တို့ကို ကြည့်ရှုကြလေ-၊ သံဝေဂမိမိ သတိရရ ရှိကြစေ။

ထိုသူတို့ဟာ ဈာန်ပညာရှင်ကြီးတွေဖြစ်၏၊ သာမညပုဂ္ဂိုလ်တွေ မဟုတ်ပေ၊ (သမာဓိ,သမထ, ဈာန်, အဘိဉာဏ်အစွမ်းဖြင့် မြေလျှိုး မိုးပျံပြီး ရှေ့ကမ္ဘာလေးဆယ်၊ နောက်ကမ္ဘာလေးဆယ် မျှော်နိုင်တဲ့ ပညာရှင် ကြီးတွေ ဖြစ်၏၊ သို့သော် နိဗ္ဗာန်ထိအောင်မျှော်နိုင်တဲ့ (ဝိပဿနာ) ပညာမဟုတ် ဝိပဿနာ ပညာမရှိ၊ သမာဓိ, သမထ, အဘိဉာဏ် စရဏမျှသာတည်း ဝိပဿနာ ဝိဇ္ဇာမဖြစ်သေး၊ ( နာမရူပ, ပစ္စယနှစ်ဉာဏ် )လောက်မျှ တန်ဘိုးမရှိသေး။

သမထ ဖြင့် လောကီဈာန် ကိုးပါးလုံး ရရှိပါသော်လည်း အပါယ်မှ မလွတ်သေး နိဗ္ဗာန်မှာ ဝေလာဝေး၊ ဘုရားမပွင့်သေး၍ ဝိပဿနာရှုနည်း၊ ဈာန်ခွာနည်း မသိသောကြောင့် ပေတည်း ( ဗြဟ္မာ့ပြည်-မှာ တဝင်းဝင်း

www.dhammaransi.com



ဝက်စာကျင်းမှာ တရှုတ်ရှုတ်သာ မှတ်လေ ) သာသနာ တွင်းမှာ ဝိပဿနာသာလိုရင်းဖြစ်သည်။

အာနာပါနပိုင်း၊ ဣရိယာ ပထပိုင်း စသည် တို့မှာ ကမ္မဋ္ဌာန်းပေး တရားအပ်တဲ့ဆရာက မလစ်မလပ် စေ့ စေ့ စပ်စပ် သတိချပ်၍ အသိအမှတ်ပြုရမယ်လို့ လုပ်ငန်း စဉ်ကို ပြောပြထိုက်သောက ထုံးစံအတိုင်း စိတ်ရှူး, စိတ်နှမ်း စိတ်ကြမ်း စိတ်မိုက်တွေ အာရုံတပါး ထွက်မသွားစေဘဲ တခုတည်းသောအာရုံ၌ တဒင်္ဂတခဏ စသည်ဖြင့် ရပ်တည် မှု ရရှိအောင် ပြုကျင့်ရတဲ့ သမာဓိ, သမထ ရှေ့ပိုင်းမျှသာ ရှိသေးသည်၊ ဝါ့ စိတ်ထိမ်းနိုင်ရုံမျှ၊ စိတ်ထိမ်းကမ္မဋ္ဌာန်းမျှ သာ ဖြစ်သေးသည်၊ ဝါ့ (စိတ္တဿဒမ္မတောသာဓု) သာ ဖြစ် သေးသည်၊ (စိတ္တံဒန္တံ သုခါဝဟံ) မဖြစ်သေးဟုဆိုလိုသည်။

ထို့ကြောင့်– ဤသမာဓိ, သမထကို ခဏိက သမာဓိ, ဥပစာရ သမာဓိမျှ ရရှိနေတယ်ဆိုလျှင်ပင် အချိန်မဆွဲဘဲ မိမိတို့ လိုလားတောင့်တနေတဲ့ မဂ်ဖိုလ် နိဗ္ဗာန်ကို မြန်မြန် ဆောဆော ရောက်လွယ်အောင် ရုပ်,နာမ်ပိုင်းခြား၊ ရုပ် နာမ် အကြောင်းကို သိမ်းဆည်းပြီးလျှင် ကျမ်းဂန် နှင့် အညီ ဝိပဿနာပညာ နောက်ပိုင်းသို့ တက်၍ အားထုတ် ရမည်ဟု သိလေ့, မှတ်လော။

ဒုတိယအကြိမ်။

www.dhammaransi.com



## ယာဉ် ၂-ပါး။

"နဟိ ဓေတေဟိ ယာနေဟိ ဂစ္ဆေယျ အဂတံ ဒိသံ"

နှင့် အညီ၊ ဤလောကဥ္ဆ သွားလာကြသော ပကတိသော လှည်းယာဉ်၊ လှေယာဉ်၊ သင်္ဘော၊ မီးရထား၊ လေယာဉ်ပျံ မော်တော်ကား စသော ယာဉ်တို့ဖြင့် သွား၍ နိဗ္ဗာန်ကို မရောက်နိုင်၊ ခြေလျင် ခြေဖြင့်သွား၍လည်း ဒုက္ခအဆုံး ဖြစ်သော နိဗ္ဗာန်ကိုမရောက်နိုင်၊ နိဗ္ဗာန်ကို မရောက် မရဘဲ လဲ မွေးသေလွှတ်သော ဝဋ်ဒုက္ခမှလွတ်မြောက်သည် မည် သည် မရှိဟု ဟောတော်မူသောကြောင့် မွေးသေ လွတ် သော နိဗ္ဗာန်ကို ရောက်အောင် ဘာနှင့်သွားကြမလဲ ဆိုတဲ့ အမေး၌၊ သမထယာဉ်၊ ဝိပဿနာယာဉ် ဤယာဉ်နှစ်ပါး ဖြင့် စီးနင်းသွားမှသာ နိဗ္ဗာန်ကိုရောက်နိုင်မည်ဟု အဖြေ မှန် ကို ပေးကြပါလေ။

### စရဏ နှင့် ဝိဇ္ဇာ

**သမထဆိုသည်မှာ**- အာရုံတပါး စိတ်ထွက် မသွားဘဲ တခုသော ကမ္မဋ္ဌာန်းအာရုံ ကေဂ္ဂတာကျကျ သမာဓိရရ စိတ်တည်ငြိမ်နေမှုကို ဆိုသည်၊ ဝိပဿနာ-ဆိုသည်မှာ ရုပ် နာမ် ဖြစ်ပျက် အဆက်ဆက်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အစဉ် တို့ကို တစ်တစ်ခွခွ ပစ္စက္ခ သိမြင်နေမှုကို ဆိုသည်။

www.dhammaransi.com



သမာဓိမဂ္ဂင် သုံးပါး၊ သီလမဂ္ဂင် သုံးပါး၊ ဤမဂ္ဂင် ၆ပါးကို သမထ,ဆိုသည်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဤမဂ္ဂင် ၂ပါးကို ဝိပဿနာဆိုသည်၊

ဆိုလိုရင်းမှာ—စရဏနှင့် ဝိဇ္ဇာပေတည်း၊ မဂ္ဂင် ၆ပါး ကို စရဏ ဆို၍၊ မဂ္ဂင် ၂ပါးကို ဝိဇ္ဇာ ဆိုသည်၊ စရဏ သည် ခြေနှင့်တူ၏ ဝိဇ္ဇာသည် မျက်စိနှင့်တူ၏။

အသို့တူသနည်းဟူမူ၊ ဤလောက၌ ခြေ, မျက်စိ မရှိသော သူသည် မိမိသွားလိုရာအရပ်သို့ မသွားနိုင် သကဲ့သို့ ထို့အတူ စရဏ ခြေ, ဝိဇ္ဇာ မျက်စိ မရှိသောသူသည်လည်း မိမိလိုရာနိဗ္ဗာန်သို့ မသွားနိုင်ပေ၊ ခြေ နှင့် မျက်စိ အစုံ ရှိသော သူသည် မိမိလိုရာ-အရပ်သို့ သွားနိုင်သကဲ့သို့၊ ထို့ အတူပမာ၊ စရဏခြေနှင့် ဝိဇ္ဇာမျက်စိ အစုံရှိသောသူသည် လည်း နိဗ္ဗာန်သို့ရောက်အောင် သွားနိုင်ပေသည်။

သမထ နှင့် စရဏ အတူတူ။
ဝိပဿနာ နှင့် ဝိဇ္ဇာ အတူတူဖြစ်သည်။

ဂင်္ဂါဝါဠု၊သဲစုမက ပွင့်တော်မူကြသော ဘုရား၊ ဘုရား တပည့်သား သာဝက တို့သည် ဤ,စရဏခြေဖြင့် ဖြစ်, ပျက် လမ်းကို သွားကြ၍၊ ဤ, ဝိဇ္ဇာ မျက်စိဖြင့် ဖြစ်,ပျက် "အဆုံး" နိဗ္ဗာန် ကို မြင်သိ၍ နိဗ္ဗာန်ဈူသိမ်း အငြိမ်းကြီး ငြိမ်းကြလေကုန်ပြီဟု သိလေ၊

ဒုတိယအကြိမ်။

www.dhammaransi.com



"သွား" ဆိုသည်မှာ= တရားအလုပ် အားထုတ်၍ နေခြင်းပေတည်း၊ တရားအလုပ်ကို အားထုတ်၍ နေပါလျှင် နိဗ္ဗာန်ကို သွားနေသည်မည်၏၊ လမ်းဆုံးလျှင်ရွာကိုရောက်သကဲ့သို့၊ ထို့အတူ- ဖြစ်,ပျက် ဆုံးလျှင် မဖြစ်, မပျက်တဲ့ နိဗ္ဗာန်သို့ရောက်ပေလိမ့်မည်။

ရှေးက ဤစရဏခြေဖြင့် သွားလျှင် နိဗ္ဗာန်ကို ဤ,ဝိဇ္ဇာမျက်စိဖြင့် မြင်သိ၍ နိဗ္ဗာန်သို့ရောက်သည်-ဟု ငါမသိခဲ့ရယခု, သိရပြီ၊ သို့,သိသော်လည်း သိရုံနှင့်တော့ မရောက်သေးပေ၊ သိတဲ့အတိုင်း သွားမှသာ ရောက်နိုင်မည်ဟု သိ၍ သေနေ့ မဦးခင် သေခြင်းကင်းရာ နိဗ္ဗာန်-သို့ အရောက်ဦးအောင် သူ့ထက်ငါ တရားအလုပ်ကို အားထုတ်သောအားဖြင့် သွားကြပါလေဟု တိုက်တွန်းလိုက်ရပေသည်။

ဝိပဿနာဘက်သို့ တက်ပုံ။

ရှေ့ပိုင်း သမာဓိ, သမထဘက်မှ နောက်ပိုင်းဝိပဿနာဘက်သို့တက်တဲ့အခါ၊ အကျဉ်းတမျိုး, အကျယ်တမျိုးဟု နှစ်မျိုးရှိရာ ကမ္မဋ္ဌာန်းအားလျော်စွာ တက်ရသည်ဖြစ်ရာ အာနာပါန် ကမ္မဋ္ဌာန်းဖြစ်လျှင်—

အကျဉ်းတက်ပုံကား—ထွက်တိုင်း, ဝင်တိုင်း ထွက်တယ်ဝင်တယ်ဟု သတိပြု မှတ်ရှုလာခဲ့ရာ၊ ထွက်သက်, ဝင်သက်အာရုံထဲမှာ(သတိမြဲရာ ပဋ္ဌမာ)ဆိုတဲ့အတိုင်းမိမိစိတ်သည်

www.dhammaransi.com



တည်ငြိမ်လာ၍ သတိမြဲလာတဲ့အခါ၊ သတိပြုမှု ရှုမှတ်မှုကို ခဏရပ်ထားခါ၊ ငါအားထုတ်တဲ့ တရားထဲမှာ ထွက်တာ ဝင်တာရယ်၊ ထွက်တယ်,ဝင်တယ်ဟု သတိပြုတာရယ်၊ ဤ နှစ်မျိုးဘဲ ရှိနေတယ်။

## ၁—နာမရူပ ပရိစ္ဆေဒဉာဏ်။

ဤ=နှစ်မျိုးတို့ တွင် ထွက်တာ,ဝင်တာ ကလဲ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ,မဟုတ်၊ အဿာသ ပဿာသ ဝါယောဓါတ် ဖြစ်၍ ရုပ်,ရုပ်ဟု ရုပ်ကိုပိုင်းခြားလေ၊ ထွက်တိုင်း,ဝင်တိုင်း ထွက်တယ်,ဝင်တယ် ဟု သတိပြု ရှုမှတ်နေတာကလဲ ပုဂ္ဂိုလ် သတ္တဝါ ငါမဟုတ် သတိနှင့်ယှဉ်သော စိတ်,စေတသိက် ဖြစ်၍ နာမ်,နာမ်ဟု နာမ်ကို ပိုင်းခြားလေ၊ ရုပ်,နာမ်နှစ် ပါးသာ တရားကို အားထုတ်နေသည်ဟု သိလေ။

## ရုပ် နာမ် က မပို။

ငါ,အားထုတ်နေတဲ့ တရားထဲမှာ(ထွက်လိုက်,ဝင်လိုက် ဖြစ်နေတဲ့ ရုပ်နှင့် ထွက်တယ်,ဝင်တယ် ဟု သတိပြု ရှုမှတ် နေတဲ့ နာမ် )၊ ဤ ရုပ် နာမ် က အပိုပုဂ္ဂိုလ် သတ္တဝါမရှိ ဤရုပ်နာမ် ကိုလွတ်၍ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ ဤ ရုပ် နာမ် မျှသာ ရှိ၏ဟု ဟုတ်မှန်တဲ့အကိုင်း သိမြင်လာတော့ ၏။

ဒုတိယအကြိမ်။

www.dhammaransi.com



## ယုံမှားမရှိ။

ဤလို သိမြင်၍ ဤရုပ်နာမ်က အပို၊ ပုဂ္ဂိုလ် သတ္တဝါ မရှိဟု နှစ်နှစ်ခြိုက်ခြိုက် သဘောကျသွားပြီးလျှင်၊ ဤ ရုပ်နာမ် က အပို၊ ပုဂ္ဂိုလ် သတ္တဝါ ရှိလေသလော၊ မရှိလေသလော ဟု၊ ယုံမှားကင်းသွားအောင် ထပ်ကာ ထပ်ကာ ရုပ်နာမ်ကို ဉာဏ်ဖြင့်ပိုင်းခြား၍ ကြည့်လျှင် ရုပ် နာမ် က အပို ပုဂ္ဂိုလ် သတ္တဝါ မရှိ ဟု သိ၍ ယုံမှားကင်းသွား လေ တော့၏၊ ဤကား ရုပ် နာမ် ကို ပိုင်းခြား၍ သိမြင်သော ( နာမရူပ ပရိစ္ဆေဒဉာဏ်တည်း )။

တနည်း — တရှူ၊ တရှိုက် ထဲမှာ ခန္ဓာငါးပါး ခွဲသိရန် ရှူတာ၊ရှိုက်တာက(ရူပက္ခန္ဓာ)၊ ရှူလို့ရှိုက်လို့ ကောင်း တာ မကောင်းတာက(ဝေဒနက္ခန္ဓာ) ရှူတယ် ရှိုက်တယ် မှတ်တာက(သညာက္ခန္ဓာ)၊ ရှူဘို့ရှိုက်ဘို့ အားထုတ်တာက ( သင်္ခါရက္ခန္ဓာ )၊ ရှူမှန်း ရှိုက်မှန်း ထွက်မှန်း ဝင်မှန်း သိနေတာက ( ဝိညာဏက္ခန္ဓာ )၊ ဤခန္ဓာက အပို၊ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ဤ ခန္ဓာငါးပါးတို့သာ တရားကို အားထုတ် သည်ဟု လက်သယ်အစစ်ကို ထိအောင်မိအောင်သိပါလေ။

ဒုတိယအကြိမ်။

www.dhammaransi.com



## ၂—ပစ္စယ ပရိဂ္ဂဟဉာဏ်။

ဤရုပ်နာမ်သည်လည်း အကြောင်းမရှိဘဲ အကြောင်း ကင်း၍ မဖြစ်တန်ရာ၊ ထာဝရဘုရား ဖန်ဆင်း၍ ဖြစ်သည် လည်း မဟုတ်၊ စင်စစ်အမှန်စကန်မှာ လွန်ကဲ့သော ရှေး ဘဝက ရုပ်,နာမ်မှန်း မသိတဲ့(အဝိဇ္ဇာ)၊ မသိလို့တတ်မက် တဲ့(တဏှာ)၊ စွဲလမ်းတဲ့(ဥပါဒါန်)၊ ပြုခဲ့တဲ့(ကံ) ပဋိသန္ဓေ နောင် ကံ, စိတ်, ဥတု, အာဟာရ၊ ဤ- အဝိဇ္ဇာ စ သော အကြောင်းကြောင့်သာ ဖြစ်သည်-ဟု ရုပ်,နာမ် အကြောင်းကို မြင်သိပြီးလျှင်—၊

### အကြောင်း,အကျိုးက မပို။

ဤ-အဝိဇ္ဇာ,တဏှာ,ကံ,စသည်ကား အကြောင်းတရား ဤရုပ်နာမ်ကား အကျိုးတရား၊ ဤအကြောင်း အကျိုး က အပို၊ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ ဤ အကြောင်း အကျိုး ကို လွှတ်၍ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ဤအကြောင်း အကျိုး မျှ သာ ရှိ၏ဟု ဟုတ်မှန်တဲ့အတိုင်း သိမြင်လာ၏တော့၏။

### ယုံမှား မရှိ။

ဤ လိုသိမြင်၍ အကြောင်း,အကျိုး က အပို၊ ပုဂ္ဂိုလ် သတ္တဝါ မရှိဟု နှစ်နှစ် ခြိုက်ခြိုက် သဘောကျသွားပြီး လျှင်၊ ဤ အကြောင်း,အကျိုး က အပို၊ ပုဂ္ဂိုလ် သတ္တဝါ

www.dhammaransi.com



ရှိလေသလော၊ မရှိလေသလောဟု ယုံမှား ကင်းသွား အောင် ထပ်ကာ,ထပ်ကာ ရုပ်,နာမ် အကြောင်းကို ဉာဏ် ဖြင့် ပိုင်းခြား၍ ကြည့်လျှင် အကြောင်းအကျိုး က အပို ပုဂ္ဂိုလ်သတ္တဝါမရှိဟု သိ၍ ယုံမှား ကင်းသွားတော့၏၊ ဤ ကား ရုပ်,နာမ် အကြောင်းကို သိမြင်သော ပစ္စယ ပရိဂ္ဂဟ ဉာဏ်တည်း။

ဤကား- အကျဉ်းအားဖြင့် ရုပ်နာမ် ပိုင်းခြားပုံ၊ ရုပ် နာမ် အကြောင်း သိမ်းဆည်းပုံတည်း၊ ဤမျှပိုင်းခြားဟတ် သိမ်းဆည်းတတ်လျှင်ပင် နာမရူပ ပရိစ္ဆေဒ,ပစ္စယ ပရိဂ္ဂဟ ဉာဏ် ဝင် ဖြစ်နိုင်ပေပြီ၊ ပညတ်လည်း ပျောက် ပရမတ် လည်း ပေါက်၍ ဝိပဿနာဘက်သို့ ရောက်ပြီဟု သိလေ။

## ဝိပဿနာရှုပုံ။

ယောဂီပုဂ္ဂိုလ်သည် အဆိုပါ နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်ကို ပိုင်နိုင်ပေါက်ရောက်ပြီးသည်ရှိသော် ကာလသုံးပါးတို့၌ ရုပ်နာမ်က အပို၊ ပုဂ္ဂိုလ် သတ္တဝါ မရှိ အကြောင်းအကျိုးကအပို၊ ပုဂ္ဂိုလ် သတ္တဝါ မရှိဟု ယုံမှား မရှိ၊ ထိုးထွင်း၍ သိမြင်ပြီးဖြစ်၍ အကြောင်းနှင့်တကွသော ရုပ်နာမ်တို့ကို လက္ခဏာရေးသုံးပါးသို့တင်၍၊ ဝါ၊ ယခင်က ခေတ္တခဏ ရပ်ထားခဲ့သော ရှုမှတ်သောစိတ်ကို ဖြစ် ပျက်

မနား ရုပ်,နာမ်,သင်္ခါရ တရားတို့သို့ ပြန်တင်၍ ရုပ်,နာမ် မှန်က( ဥပါဒ်,ဌီ,ဘင် ) ဖြစ်၍ ပျက်ကြရသော မမြဲဆင်းရဲ အစိုးမရ အလိုသို့မလိုက် အကြိုက်သို့မပါနိုင်ကြသော ရုပ်, နာမ် တို့၏ မမြဲသော အနိစ္စအချက်၊ ဆင်းရဲနှိပ်စက်သော ဒုက္ခအချက်၊ အစိုးမရသော အနတ္တအချက် တို့ကို၊ ဝါ၊ မမြဲသော အနိစ္စ အချက်၊ မမြဲလို့ဘဲဆင်းရဲသော ဒုက္ခ အချက် မမြဲသည်ကို မြဲအောင် အစိုးမရသော အနတ္တ အချက် ဆင်းရဲသည် ကို ချမ်းသာအောင် အစိုးမရသော အနတ္တ အချက် တို့ကို လက်ခနဲ့,လင်းခနဲ၊ မြင်ပြီးရင်း,မြင်ပြန်ရင်း တွေ့ပြီးရင်း,တွေ့ပြန်ရင်း၊ အမြင်မပြတ်, အတွေ့မပြတ်၊ ရှေ့နောက် စပ်နေအောင် သတိနှင့် မကွာ၊ ပညာနှင့် မကင်း အဖန်တလဲလဲ ဉာဏ်တွေ့ ဉာဏ်မြင် ဖြစ်အောင် ရှုမှတ် ပွားများ အားထုတ်၍ နေသည်ကို ( ဝိပဿနာ ) ရှုနေသည်ဟု ဆိုရလေသည်။

မှတ်ချက်။ အဆိုပါနည်းအတိုင်း ရုပ်,နာမ် မပိုင်းခြားဘဲ မှတ်နေရုံမျှမှာ သမထ,သာ ဖြစ်သေးသည်၊ ဝိပဿနာ မဖြစ်သေး၊ ရုပ်နာမ်မပိုင်းခြားဘဲ မှတ်မြဲသာ မှတ်နေပါက တစတစ သမာဓိ အလွန်အားကောင်းလာလျှင် မှတ်စိတ်ကလေးသည် အာရုံထဲသို့ နစ်မှန်းမသိ-နစ်၊ မြုပ်မှန်းမသိ မြုပ်၊ စုတ်ခနဲ နစ်မြုပ်၍ ဘာမှလဲ မရှိ၊ ဘာမှလဲ မသိတဲ့

www.dhammaransi.com



နေရာသို့ ရောက်သွားတတ်ပေသည်၊ ဤလိုရောက်သွားခြင်းသည် ကိုပင် မဂ်ဖိုလ်ဟု အထင်မှား, အယူမှားတတ်လေသည် သတိပြုလေ။

"ရုပ်,နာမ်မြင်သိ၊ ပညာရှိ"တဲ့၊ ဝိပဿနာပညာမပါဘဲ မဂ်ဖိုလ်ကို မရောက်နိုင်,မရနိုင်ဟု သိလေမှတ်လေ၊ ထို့ကြောင့် အတော်အတန် ဥပစာရ သမာဓိမျှ ရရှိ လာ၍ အာရုံ အာရမ္မဏိက ကပ်နေတဲ့ခါ၊ ရုပ်နာမ်ပိုင်းခြား၊ ရုပ်-နာမ် အကြောင်းကို သိမ်းဆည်းပြီး အကြောင်းနှင့် တကွသော ရုပ်-နာမ်တို့ကို လက္ခဏာရေးသုံးပါးသို့တင်၍၊ မမြဲ,မမြဲဟု အဖန်တလဲလဲ ရှုမှတ်နေသော(အနိစ္စာနုပဿနာ)၊ ဆင်းရဲ ဆင်းရဲ ဟု အဖန်တရဲ ရှုမှတ်နေသော (ဒုက္ခာနုပဿနာ) အစိုးမရ, အစိုးမရဟု အဖန် တလဲလဲ ရှုမှတ် နေသော (အနတ္တာနုပဿနာ)ဤအနုပဿနာသုံးပါး၊ အနုပဿနာ ခုနှစ်ပါးဖြင့် ရှုမှတ်နေသော ဝိပဿနာဖြစ်သည် ဟု ဆိုရသည်၊ သတိရှိစေ။

ဤလို ဤပုံ-သမ္မသန စသော ဝိပဿနာဉာဏ် အဆက်ဆက်ဖြင့် ရှုမှတ်နေမှသာ၊ ဝါ၊ ရှုမှတ်ခြင်းဖြင့်သာ ရှေးဦးစွာ သောတာပတ္တိမဂ်,သောတာပတ္တိဖိုလ်,ဤသို့ စ်သည်ဖြင့်

ဒုတိယအကြိမ်။

www.dhammaransi.com



တမဂ်ပြီး တမဂ်, တဖိုလ်ပြီးတဖိုလ်၊ အရဟတ္တမဂ်, အရဟတ္တ ဖိုလ်သို့ ရောက်သည် ရသည်ဟု ကျမ်းဂန်တို့၌ အဆိုရှိသည် မဂ် ဖိုလ်-ကို အလိုရှိသော သူတို့သည် ကြီးကြီး မားမား သတိထားကြလေ။

## သစ္စာသုံးပါး–သစ္စာလေးပါး။

လောကီဉာဏ် ဖြင့်ပင် သစ္စာ သုံးပါး သစ္စာလေးပါး သိမြင်ပုံကို ပြဆိုဦးအံ့၊ ကျမ်းဂန်နည်းကျကျ,ဆရာနည်းရရ တရားအလုပ်ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်-သည် အဆိုပါ နာမ ရူပ ပရိစ္ဆေဒ ဉာဏ်, ပစ္စယ ပရိဂ္ဂဟ ဉာဏ် ဤဉာဏ်နှစ်ပါးကို လက်ကိုင်ရရှိပြီး ဖြစ်လျှင်....

၁။ (ဒုက္ခသစ္စာ)ဤလောက၌ ရုပ်,နာမ် က အပို ပုဂ္ဂိုလ် သတ္တဝါမရှိဟု ယုံမှားမရှိ၊ ရုပ်,နာမ်ကို ထိုးထွင်း ပိုင်းခြား၍ သိမြင်လျှင် ဒုက္ခသစ္စာ-ကို သိမြင်ပြီဟု သိလေ မှတ်လေ၊

၂။ (သမုဒယသစ္စာ) ဤလောက၌ အကြောင်းအကျိုး က အပို၊ ပုဂ္ဂိုလ်သတ္တဝါမရှိဟု ယုံမှားမရှိ ထိုးထွင်း ၍ အကြောင်းအကျိုးကို သိမြင်လျှင် သမုဒယသစ္စာ ကို သိမြင်ပြီဟု သိလေ-မှတ်လေ။

www.dhammaransi.com



၃။ (မဂ္ဂသစ္စာ) အဆိုပါ ရုပ်, နာမ် တို့၏ မမြဲ, ဆင်းရဲ အစိုးမရ၊ အနိစ္စ,ဒုက္ခ,အနတ္တ အချက် တို့ကို လက်ခနဲ လင်းခနဲ ထိုးထွင်း၍ သိမြင်နေလျှင် မဂ္ဂသစ္စာ ကို သိမြင်ပြီဟု သိလေ မှတ်လေ။

" ဒိဋ္ဌေန အဒိဋ္ဌဿာပိ အနုမာနံ ဟောတိ " ဟူသော သမောဋ္ဌကထာနှင့် အညီ၊ (နိရောဓသစ္စာ) နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက် မမြင်ရသေးသော်လည်း အသစ် အသစ် ဖြစ်၍ ချုပ်နေသော ရုပ်-နာမ် နှင့် ဆန့်ကျင်ဘက် အသစ် ဆက်မဖြစ်တော့ဘဲ အမြဲငြိမ်းအေးနေတဲ့ နိဗ္ဗာန်ကို ညွှတ်ကိုင်း မျှော်မှန်းရမ်းဆပြီး အနုမာနအားဖြင့် သိမြင် နိုင်ပေလျှင် နိရောဓ သစ္စာ နိဗ္ဗာန်ကိုလည်း သိမြင်လေ တော့ဟု သိလေ-မှတ်လေ။

ဝိပဿနာ ဘက် သို့ အကျယ် တက်ပုံ
နာမရူပ ပရိစ္ဆေဒဥာဏ်၊

" အဿာသ ပဿာသ ကမ္မိကော၊ ဠာမ အဿာသ ပဿာသ ကိ'နိဿိတာ၊ ဝတ္ထုနိဿိတာ၊ ဝတ္ထုနာမ ကရဇ- ကာယော၊ ကရဇကာယော နာမ၊ စတ္တာရိ မဟာဘူတာနိ ဥပါဒါရူပဥ္စ ဟောတီတိ ရူပံ ပရိဂ္ဂဏှာတိ " ဟူသော သတိ မဋ္ဌာနသုတ် ဋ္ဌကထာနှင့် အညီ။

ဒုတိယအကြိမ်။

www.dhammaransi.com



ရုပ် ကို ပိုင်း ခြား ပုံ ။

ထွက်သက် ဝင်သက်ကို သိမ်းဆည်းခြင်း အမှုရှိသော ယောဂီပုဂ္ဂိုလ်သည် ဤ ထွက်သက်, ဝင်သက် တို့သည် အဘယ်ကို မှီကုန်သနည်းဟု စူးစမ်း ဆင်ခြင်သည် ရှိသော် နှလုံးဘူးအိမ်ခေါ်သော ( ဟဒယဝတ္ထု ) ရုပ် ကို မှီကုန်၏ ဟဒယဝတ္ထုရုပ်ဆိုသည်ကား မိဘနှစ်ပါး တို့၏ သုတ်သွေး အမိနို့ရေ၊ ဝါးဖတ်ထမင်း၊ မုံ့မယော တို့ကြောင့် တဖြေး ဖြေး ကြီးပွား၍လာသော ကရဇကာယ-တည်း၊ ကရဇ-ကာယ ဆိုသည်ကား အခြားမဟုတ်၊ ပထဝီ၊ အစပေါ တေဇော,ဝါယော ဟူသော မဟာဘုတ်ဓါတ်ကြီးလေးပါး နှင့် ထိုမဲ့ါဝ်ကြီးလေးပါးတို့ကို မှီ၍ဖြစ်သော မျက်စိ,နား နှာ-စသော ဥပါဒါရုပ် ၂၄-ပါးတို့သာ ဖြစ်၏ဟု သိမြင် လော၍ ဤ-ထွက်သက်,ဝင်သက်နှင့် တကွ ဝတ္ထု ကရဇ-ကာယ မဟာဘုတ်၊ ဥပါဒါရုပ် တို့ကို (ရုပ်,ရုပ်) ဟု ရုပ်ကို ပိုင်းခြား၏။

နာမ် ကို ပိုင်း ခြား ပုံ ။

" တတော တဒါရမ္မဏော၊ ဖဿပဉ္စကေ နာမာတို့ ပရိဂ္ဂဏှာတိ " နှင့် အညီ၊ ထိုနောင် ထွက်သက်, ဝင်သက် ကို အာရုံပြုကြကုန်သော နှာခေါင်းကာယနှင့် ထွက်သက် ဝင်သက်-တို့ တိုးထိ,တိုးထိနေကြတဲ့အခါ တွေ့ထိတဲ့(ဖဿ)

ဒုတိယအကြိမ်။

www.dhammaransi.com



ခံစားတဲ့(ဝေဒနာ)၊ မှတ်သားတဲ့(သညာ)၊ စေ့ဆော်တဲ့ စေတနာ၊ သိတဲ့(ဝိညာဏ်)၊ ဤ, ဖဿ, ဝေဒနာ, သညာ၊ စေတနာ,ဝိညာဏ် ဆိုတဲ့ (ဖဿပဉ္စက) တရားငါးပါး တို့ကို (နာမ်,နာမ်)ဟု နာမ်ကို ပိုင်းခြား၏။

ဤလို ဤပုံ-ရုပ်,နာမ် ကို ပိုင်းခြား၍ သိမြင်ပြီးလျှင် ဤ-အာနာပါန ကမ္မဋ္ဌာန်း ကို စီးဖြန်း အားထုတ်သော လက်သယ်အစစ်သည်ကား၊ သူ,ငါ,ကျား,မ-မဟုတ်၊ ဆိုခဲ့ ပြီးသော ထွက်သက်,ဝင်သက်နှင့် တကွ ဝတ္ထု ကရဇကာယ မဟာဘုတ် ဥပါဒါရုပ် ဟူသော ရုပ်တို့နှင့် ထိုရုပ်လျှင် အာရုံ ရှိသော ( ဖဿပဉ္စက တရား ငါးပါး ) ဟူသော နာမ်တို့ ပေတည်း။

ဤရုပ်,ဤနာမ်က အပို၊ တရားကိုအားထုတ်တတ်သော ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ ဤ ရုပ်နာမ်ကို လွှတ်၍ တရားကို အား ထုတ်တတ်သော ပုဂ္ဂိုလ် သတ္တဝါ မရှိဟု နှစ်နှစ်ခြိုက်ခြိုက် သဘောကျသွားပြီးလျှင်၊ ဤ ရုပ်နာမ်က အပို၊ တရားကို အားထုတ်တတ်သော ပုဂ္ဂိုလ်သတ္တဝါများ ရှိလေသလော မရှိလေသလောဟု ယုံမှားကင်းသွားအောင် ထပ်ကာ,ထပ် ကာ ရုပ်နာမ် နှစ်ပါး-ကို ဉာဏ်ဖြင့်ပိုင်းခြား၍ သိမြင်လေ။

( ဤအား နာမရူပ ပရိစ္ဆေဒဉာဏ်တည်း )

ဒုတိယအကြိမ်။

www.dhammaransi.com



## ၂–ပစ္စယ ပရိဂ္ဂဟဉာဏ်။

" ဧဝံ နာမရူပံ ပရိဂ္ဂဟေတွာ၊ တဿပစ္စယံ ပရိယေ-သန္တော အဝိဇ္ဇာဒိ ပဋိစ္စသမုပ္ပါဒံ ဒိသွာ၊ ပစ္စယ ပစ္စယုပ္ပန္န မေဝမတ္တ မေဝေတံ။ ပ။ ကင်္ခံ ဝိတရိတွာ ... ယာဝ အရဟတ္တာ နိယျာနမုခံ—

ဆိုတဲ့ သတိပဋ္ဌာနသုတ် အဖွင့် အဋ္ဌကထာနှင့်အညီ– ဤလို ဤကားရုပ်၊ ဤကားနာမ်ဟု ရုပ်နာမ်ကို သိမ်း ဆည်း၍ ထိုရုပ်နာမ်၏ အကြောင်းကို စူးစမ်းရှာဖွေသည် ရှိသော်၊ ဤ-ထွက်သက်, ဝင်သက် စသော တရားအပေါင်း သည်၊ အကြောင်းမဲ့ အကြောင်းကင်း၍ ယောက်ယား ဘာသာ မိုးပေါ်ကျပမာ မဖြစ်တန်ရာ၊ ထာဝရ ဘုရား ဖန်ဆင်း၍ ဖြစ်သည်လည်းမဟုတ်၊ စင်စစ် ကေန် အမှန်မှာ လွန်ခဲ့သော ရှေးဘဝက—

ဤ တဏှာမှ တပါးသော ရုပ်,နာမ် ခန္ဓာ သည်ကား (ဒုက္ခသစ္စာ)၊ ဤတဏှာသည်ကား (သမုဒယသစ္စာ)တဏှာ ပယ်သော မဂ်အကျင့်ကြောင့်၊ ထို–ဒုက္ခသစ္စာ, သမုဒယ သစ္စာ နှစ်ပါးတို့၏ တဖန်အထစ်မဖြစ်ရာ နိဗ္ဗာန်သည်ကား (နိရောဓသစ္စာ) ဤနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် ကောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည်ကား

www.dhammaransi.com



(မဂ္ဂသစ္စာ)ဟု သစ္စာလေးပါး အမှန်တရားတို့ကို ပိုင်းခြား ဝေဘန်၍ အမှန်ကို မသိ မမြင်နိုင်အောင် ပိတ်မင် ဖုံးလွှမ်း ၍ ထားသော(မောဟ)ဟူသော အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ် သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ် စသည်ဖြင့် ချမ်းသာမဖက် ဆင်းရဲသက်သက် ပုဂ္ဂိုလ် သတ္တဝါတို့နှင့် မရောမယှက် အလွတ်သက်သက်၊ အဝိဇ္ဇာ စသော အကြောင်း၊ သင်္ခါရ စသော အကျိုး၊ ဤ အကြောင်းအကျိုး မျှသာတည်း ဤအကြောင်းအကျိုး က အပိုပုဂ္ဂိုလ် သတ္တဝါ မရှိ၊ ဤအကြောင်း အကျိုး ကို လွတ်၍ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ ဤအကြောင်း အကျိုး သုဒ္ဓသင်္ခါရ သက်သက်မျှသာတည်း။

ယခု ပစ္စုပ္ပန် လက်ရှိဘဝ၌ ဤအကြောင်းနှင့် ဤ အကျိုးတို့သာ ဖြစ်ကြကုန်သကဲ့သို့၊လွန်ခဲ့ပြီးသော အတိတ် ကာလ ဘဝတို့၌လည်း ဤအကြောင်းနှင့် ဤအကျိုး တို့ သာ မရေမတွက် နိုင်အောင် ဖြစ်ခဲ့လှလေပြီ၊ လာလတံ့ သော အနာဂတ်ဘဝ, ကာလတို့၌လည်း နိဗ္ဗာန် မရသေး သမျှ ဤအကြောင်း နှင့် ဤအကျိုး တို့သာ မြစ်ရေပမာ ဆီမီးလျှံ ပမာ မရေမတွက် သာအောင် ဖြစ်ကြကုန်လတံ့၊ ထိုသို့ ဖြစ်ရာ၌လည်း ပုဂ္ဂိုလ် သတ္တဝါတို့၏ ဖြစ်မှု ပျက်မှု၊

www.dhammaransi.com



ဖြစ်ခြင်းပျက်ခြင်းမဟုတ်၊ အဆိုပါ အကြောင်း အကျိုးတို့သာ ကံအားလျော်စွာ ဖြစ်ကြ ပျက်ကြသည်ဟု ယုံမှားမရှိ ထိုးထွင်း၍သိသောကြောင့် ကာလသုံးပါးတို့တွင် ငါသည် ရှေး၌ ဖြစ်ဘူးလေသလော၊ မဖြစ်ဘူးလေသလော စသော အတိတ်၌ ယုံမှားခြင်းငါးပါး၊ ငါသည်နောက်၌ ဖြစ်လတ္တံ့လော၊ မဖြစ်လတ္တံ့လော စသော အနာဂတ်၌ ယုံမှားခြင်း ငါးပါး၊ ငါသည် ယခုဖြစ်သလော မဖြစ်သလော စသော ပစ္စုပ္ပန်၌ ယုံမှားခြင်း ခြောက်ပါး၊ ဤတဆယ့်ခြောက်ပါးသော ယုံမှားခြင်းတို့ကို လွန်မြောက်ပြီးသည်ဖြစ်၍၊ အဆိုပါ အကြောင်းနှင့် တကွသော ရုပ်နာမ်ကိုလက္ခဏာရေး သုံးပါးသို့ တင်၍ အနုပဿနာသုံးပါး၊ အနုပဿနာခုနစ်ပါး တို့ဖြင့် မနေမနား မိုးပွတ်သော ယောကျ်ား ကဲ့အလားသို့ တဆက်တည်း တရှိန်တည်း တွန်း၍ ထကြိမ်တကြိမ် အား ထုတ်လျှင် အနည်းဆုံး တနာရီ၊ အများဆုံး နှစ်နာရီ စသည် ဖြင့် ဝိပဿနာအလုပ်ကို အားထုတ်သည်ရှိသော်၊ ရှေးရှေး ဘဝက အားထုတ်ခဲ့ဘူးသော သက်ငုတ်လက်စ ရှိပါလျှင် မကြာမီပင် ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့် တရှိန်တည်း တိုးတက်၍ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ် စသည် ဖြင့် တမဂ်ပြီး၊ တမဂ် တဖိုလ်ပြီး၊ တဖိုလ်၊ ပစ္စဝေက္ခဏာ ဉာဏ် ခြားကာ၊ ခြားကာ သုခပဋိပဒါဖြင့် အရဟတ္တမဂ်

www.dhammaransi.com



အရဟာဖိုလ်တိုင်သို့ ရောက်လေရလေတော့သည်။

ပါရမီဉာဏ် အခြေခံ နည်းခဲ့မူကား၊ အတန်ငယ်ကြာအောင် အားထုတ်ရပေလိမ့်မည်၊ မြန်သည် နှေးသည်မှာ ပဓါန မဟုတ်ရှိသည်သာ ပဓါနဖြစ်သည်။

ဤထွက်သက် ဝင်သက် စသော တရားအပေါင်းသည် ဝါ, ဤ-အာနာပါန ကမ္မဋ္ဌာန်းသည် တယောက် သော ယောဂီပုဂ္ဂိုလ်၏ အရဟတ္တမဂ်တိုင်အောင် ရနိုင်ရောက်နိုင်သော၊ ဝါ, မွေးသောဝဋ်မှ ထွက်မြောက်ခြင်း၏ အကြောင်း ရင်းစင်စစ် ကောန်ဖြစ်သော ကမ္မဋ္ဌာန်းတည်း-ဟု ရင်း အဋ္ဌကထာ၌ ဖွင့်ပြထားပေသည်။

ဤကား ရုပ်နာမ်အကြောင်းကို ကောင်းကောင်းသိသော ပစ္စယပရိဂ္ဂဟဉာဏ်တံည်း။

(သတိပြုဘွယ်) ဤ၌-အချို့သော တရားပြဆရာတို့သည် ကား၊ ဤလို ဤပုံ- ဤကားရုပ်, ဤကားနာမ်, ဤကား အကြောင်း, ဤကား အကျိုးဟု ရုပ်နာမ်ကို အကြောင်း အကျိုး တမျိုးသီးခြား ပိုင်းခြား သိမ်းဆည်းနေစရာမလို သူ့အလိုလို ရုပ်,နာမ် ကို ပိုင်းခြား၍ သိလာသည်၊ အကြောင်းအကျိုးကို သိလာသည် ဟု ပြောလည်းပြော ဟောလည်းဟောကြ၏၊ ပရိယတ္တိသုတ မြည့်စသူမဟုတ် က် ရုပ် နာမ် ကို အလိုလိုသိနိုင်အံ့မထင်။

ဒုတိယအကြိမ်။

www.dhammaransi.com



**ကျမ်းဂန်တို့၌ လာရှိသည်ကား—၊**

" ဒွေ မေ ဘိက္ခဝေ ပစ္စယာ၊ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ၊ ပရတောစ ဃောသော ယောနိသောစ မနသိကာရော " ဟု ဒုကနိပါတ် အင်္ဂုတ္တိုရ်လာရှိ၏။

ဤ-ကားရုပ်, ဤကား နာမ်, စသည်ဖြင့် ရုပ်, နာမ် ကြောင်းကျိုး လက္ခဏာ သစ္စာတို့ကို ယထာဘူတ အမှန်ကျ သိမြင်နိုင်သော ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ပေါ်လာ ခြင်းငှါ ဘုရားစသော သူတပါးထံမှ တရားသံကို ကြားနာ ရခြင်း၊ ပရတောဃောသ၊ သင့်အောင် နှလုံးသွင်းခြင်း ယောနိသောမနသိကာရ၊ ဤအကြောင်းနှစ်ပါးနှင့် ပြည့် စုံမှသာ ရုပ်,နာမ်စသည်ကို သိမြင်နိုင်သော ဝိပဿနာ သမ္မာဒိဋ္ဌိဖြစ်နိုင်၏ဟု ကျမ်းဂန်တို့၌ ဆိုသောကြောင့် ထို့ဆရာတို့အဆို ကျမ်းဂန်နှင့်ညီအံ့မထင်၊ ထိုဆရာတို့ ဆို တိုင်း မှန်လျှင် ရုပ်,နာမ် ပိုင်းခြားပုံ၊ ရုပ်နာမ်အကြောင်း သိမ်းဆည်းပုံ၊ ကျမ်းဂန်တို့၌ တမျိုး သီးခြား စာခန်း တနစ ဖေါ်ပြ ရေးသားနေစရာ မလိုတော့ပေ၊ ယခုမူ ပိုင်းခြားပုံ၊ သိမ်းဆည်းပုံ တို့ကို ကျမ်းဂန်တို့၌ သီးခြား ဖေါ်ပြလျက် ရှိ၏၊ ဤအချက်ကိုလည်း လေးနက်စွာ သတိ ပြုလေ။

ဒုတိယအကြိမ်။

www.dhammaransi.com



**အာနာပါန ကမ္မဋ္ဌာန်း၌ သစ္စာလေးပါး ပိုင်းခြားသိပုံ။**

အဿာသ ပဿာသ ပရိဂ္ဂဟိကာ သတိဒုက္ခသစ္စံ။

တဿာသမုဋ္ဌာ ပိကာ ပုရိမတဏှာ သမုဒယသစ္စံ။

ဥဘိန္နံ အပ္ပဝတ္တိ နိရောဓသစ္စံ ဒုက္ခပရိဇာနနော

သမုဒယပဇဟနော နိရောဓာ ရမ္မဏော အရိယမဂ္ဂေါ

မဂ္ဂသစ္စံ ဧဝံ။ပ။နိယျာနိက မုခံ ဟောတိ"နှင့် အညီ၊

ဤကား-ထွက်သက်၊ ဤကား-ဝင်သက်ဟု ထွက်သက် ဝင်သက်ကို သိမ်းဆည်းတတ်သော သတိသည်(ဒုက္ခသစ္စာ)

ထို-သတိကို ဖြစ်စေတတ်သော ရှေးဘဝ၌ ဖြစ်သော တဏှာသည် (သမုဒယသစ္စ)

တဏှာ ပယ်သော မဂ်-အကျင့်ကြောင့် ဒုက္ခသစ္စာ, သမုဒယ သစ္စာနှစ်ပါးတို့၏ တဖန်အသစ်မဖြစ်ရာ နိဗ္ဗာန်သည်—( နိရောဓသစ္စာ )

ဒုက္ခသစ္စာကို ပိုင်းခြား၍သိတတ်သော၊ သမုဒယသစ္စာကို ပယ်တတ်သော၊ နိရောဓသစ္စာ ဖြစ်တဲ့ နိဗ္ဗာန်လျှင် အာရုံရှိသော၊ ဝါ အာရုံပြုတတ်သော၊ ဝါ၊ မျက်မှောက်ပြုတတ်သော၊ မဂ်စိတ် လေးခု၌ ရှိသော မဂ္ဂင်ရှစ်ပါး ကျင့်မြတ်တရားသည်—( မဂ္ဂသစ္စာ )

ဒုတိယအကြိမ်။

www.dhammaransi.com



ဤသို့ သစ္စာလေးပါး၏ အစွမ်းဖြင့်၊ ဝါ၊ ဤ စတုသစ္စ ကမ္မဋ္ဌာန်း၏ အစွမ်းဖြင့် လုလ္လကျိုးကုတ်အားထုတ်၍၊ ဝါ၊ ( ဝိပဿနုပဂ ) ဖြစ်သော ဒုက္ခသစ္စာ, သမုဒယသစ္စာ ရုပ် နာမ် ခန္ဓာကို ဝိပဿနာဉာဏ် အဆက်ဆက်ဖြင့် ရှုမှတ် ပွား များ အားထုတ်၍ တထောင့်ငါးရာ ကိလေသာ÷တို့၏ ကုန်ဆုံးချုပ်ငြိမ်းရာ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက် လေ ရလေတော့၏။

ဤ-ထွက်သက်,ဝင်သက် အစရှိသော တရားအပေါင်း သည်၊ တယောက်သော၊ ဝါ၊ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းသောယောဂီပုဂ္ဂိုလ်၏ မွေးသေဝဋ်မှ ထွတ်မြောက် ခြင်း၏ အကြောင်းရင်း စင်စစ်ကောန်ဖြစ်သော ကမ္မဋ္ဌာန်း ပေတည်းဟု ဖွင့်ပြပေသည်၊ (ကျမ်းဂန်နည်းကျကျ, ဆရာ နည်းရရသာ အားထုတ်ပါလေ။

ဤကား-ကျမ်းဂန် နှင့် အညီ၊ စီရင် ရေးသားသော အာနာပါန ကမ္မဋ္ဌာန်း လုပ်ငန်းစဉ်တည်း။

**မှတ်ချက်။** ဤ=အာနာပါနရှုနည်းသည် ပါဠိတော်၌ ပဌမ စတုက္က၊ ဒုတိယ စတုက္က၊ တတိယ စတုက္က၊ စတုတ္ထ စတုက္က ဟု လေးမျိုးရှိရာ၊ ပ, ဒု, တ, ရှေ့သုံးမျိုးတို့မှာ (သမထ ဝိပဿနာ)နှစ်ပါးရော၍ ရှုမှတ်သောနည်းတည်း။

ဒုတိယအကြိမ်။

www.dhammaransi.com



နောက်ဆုံး စတုက္ကမှာ သမထမဘက်, ဝိပဿနာ သက်သက် ရှုမှတ်ရသောနည်းတည်း၊ ဤလို ဤပုံ-သမထမဘက် ဝိပဿနာ သက်သက်၊ ဝါ သုဒ္ဓ ဝိပဿနာအဖြစ် ရှုမှတ်ပွားများအားထုတ်လိုပါလျှင်....

၁။ အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ။

၂။ အနိစ္စာနုပဿီ ပဿာသိဿာမီတိ သိက္ခတိ (ပါဠိ)

အနိစ္စနုပဿီ၊ ထွက်သက်ခေါ်သော ရုပ်တရားသည် ဖြစ်ပျက်မစဲ မမြဲ-မမြဲ ဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ အဿသိဿာမိ၊ ထွက်သက်ကို ဖြစ်စေအံ့ဟု၊ သိက္ခတိ ကျင့်၏၊ အနိစ္စနုပဿီ၊ ဝင်သက်ခေါ်သောရုပ်တရားသည် ဖြစ်ပျက်မစဲ မမြဲ-မမြဲဟု အဖန်တလဲလဲ ရှုသည် ဖြစ်၍ ပဿသိဿာမိ၊ ဝင်သက်ကိုဖြစ်စေအံ့ဟု၊ သိက္ခတိ၊ ကျင့်၏။

(ဤကား အနက်)

အဓိပ္ပါယ်.... ထွက်သက်ကို ဖြစ်စေသည်ရှိသော် အမှတ်တမဲ့မဖြစ်စေမူ၍၊ ဤ-ထွက်သက် ရုပ်သည်၊ မမြဲ-မမြဲ ဟု အနိစ္စ ထင်အောင် မြင်အောင် ရှုရမည်ဟု နှလုံးသွင်းကာ (ရှုတိုင်း-ရှုတိုင်း) အနိစ္စ ထင်အောင် ဆင်ခြင်ရမည် ဟု ဆိုလိုသည်။

ဒုတိယအကြိမ်။

www.dhammaransi.com



တဖန်.... ဝင်သက်ကို ဖြစ်စေသည်ရှိသော် အမှတ်တမဲ့ မဖြစ်စေမူ၍၊ ဤဝင်သက်ရုပ်သည် မမြဲ-မမြဲဟု အနိစ္စထင်အောင်,မြင်အောင် ရှုရမည်ဟု နှလုံးသွင်းကာ (ရှိုက်တိုင်း ရှိုက်တိုင်း)အနိစ္စထင်အောင် ဆင်ခြင်ရမည် ဟုဆိုလိုသည်။

ဤပုံဤနည်း... ရှုမှတ်နေခြင်းဖြင့် ထွက်သက် ထွက်လေ ဝင်သက်ဝင်လေခေါ်သောရုပ်တရား၊ ထွက်တယ်,ဝင်တယ် ဟု သတိပြု ရှုမှတ်နေသော စိတ်, စေတသိက်ခေါ်သော နာမ်တရား၊ ဤ-ရုပ်နာမ်တရား တို့သည် ဖြစ်လိုက်ပျက်လိုက် ဖြစ်တုံ- ပျက်တုံ၊ တလုံလဲလဲ ဖြစ်ပျက် မစဲ မျက်တောင် တခပ်စာမျှ မခိုင်မြဲနိုင်ကြတဲ့ အနိစ္စတရားတွေပါတကားဟု အနိစ္စသညာ ထင်မြင်လာသည်ရှိသော် မမြဲလို့ဘဲ ဆင်းရဲ တစဘဲဟု ဒုက္ခသညာ ထင်မြင်လာသည်၊ ဒုက္ခသညာ ထင်မြင် လာသည်ရှိသော် မမြဲတာကို မြဲအောင်၊ ဆင်းရဲတာကို ချမ်းသာအောင် အစိုးမရပါတကား-ဟု အနတ္တသညာ ထင်မြင်လာသည်။

ဤလိုဤပုံ....ထွက်သက်,ဝင်သက်ခေါ်သော ရုပ်တရား ထိုရုပ်တရားတို့ကို အာရုံပြု၍နေသောစိတ်,စေတသိက် ခေါ် သော နာမ်တရား၊ ဤရုပ်နာမ်တရား တို့သည် မမြဲဆင်းရဲ အစိုးမရ၊ အနိစ္စ,ဒုက္ခ,အနတ္တ၊ လက္ခဏာရေးတရား သုံးပါး

ဒုတိယအကြိမ်။

www.dhammaransi.com



တို့သာ ဖြစ်ပါကုန်၏တကားဟု လက္ခဏာဉာဏ် ရင့်သန်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဟောကြားတော်မူသော နည်းဖြစ်လေသည်။

ကျန် " ဝိရာဂါနုပဿီ၊ နိရောဓာနုပဿီ၊ ပဋိနိဿဂ္ဂါနုပဿီ " တို့၌လည်း တပ်ခြင်းကင်းအောင်, တပ်မက်မှုချုပ်အောင် တပ်မက်မှုကို တဖန် စွန့်လွှတ် နိုင်အောင် ရှုနည်းပေတည်း။

( ဤကား သုဒ္ဓဝိပဿနာ ရှုနည်းတည်း )

## သမထ နှင့် ဝိပဿနာ ကွဲပြားပါစေ။

သတိယာဝါ ကာယာနုပဿနာဝသေန ပဋိလဒ္ဓသမထော၊ သမ္ပဇညေန ဝိပဿနာ၊ အဘိဇ္ဈာဒေါမနဿာ ဝိနယေန၊ ဘာဝနာဖလံ ဝုတ္တန္တိ ဝေဒိတဗ္ဗော။

(သတိပဋ္ဌာနသုတ် ဋ္ဌကထာ)

သတိယာ၊ သတိဟူသောပုဒ်ဖြင့်၊ ကာယာနုပဿနာဝသေန၊ ဆံပင်, မွေးညှင်း စသော၊ ဝါ၊ ထွက်သက်, ဝင်သက် ဟူသော ရုပ်အပေါင်း အစု၌ ရုပ်အပေါင်းအစု ဟု အဖန်တလဲလဲ ရှုသည်၏ အစွမ်းဖြင့်၊ ပဋိလဒ္ဓ သမထော၊ ရအပ်သော သမထကို၊ ဝုတ္တော သမထကို ရည်၍ ဟော တော်မူအပ်၏။

www.dhammaransi.com



သမ္မာဇေညန၊ သမ္မာဇည ဟူသော ပုဒ်ဖြင့်၊ ဝိပဿနာ၊ ဝိပဿနာကို၊ ဝုတ္တာ၊ ရည်၍ဟောတော်မူအပ်၏၊ အဘိဇ္ဈာ ဒေါမနဿ ဝိနယေန၊ အဘိဇ္ဈာဒေါမနဿ ဝိနယေန ဟူသောပုဒ်ဖြင့်၊ ဘာဝနာဖလံ၊ လောဘ, ဒေါသ, မောဟ စသော ကိလေသာ အညစ်အကြေး တဒင်္ဂ ဝိက္ခမ္ဘန စသည်ဖြင့် ငြိမ်းစပ်နေသော ဘာဝနာ အကျိုးကို၊ ဝုတ္တံ ရည်၍ ဟောတော်မူအပ်၏၊ ဣတိ၊ ဤသို့၊ ဝေဒိတဗ္ဗာ သိအပ်၏။

အဓိပ္ပါယ်— ဤ ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော ( ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ။ အဘိဇ္ဈာ ဒေါမနဿံ ) ဟူသော သတိပဋ္ဌာန် ပါဠိတော်၌ ဟောတော်မူလိုတဲ့ အဓိပ္ပါယ်က “ သတိ - ဖြင့် သမထ - ကို သမ္ပဇည - ဖြင့် ဝိပဿနာကို အဘိဇ္ဈာဒေါမဿ ဝိနယေန ဖြင့် ဘာဝနာ ” အကျိုး=ကို ရည်ရွယ်၍ ဟောတော်မူသည် ဟု ဆိုလိုသည်။

(ရွှေပိုင်း သမာဓိ,သမထ)

ရှင်းဦးအံ့။ ဘုရားရှင်၏ အလိုကိုသိ၊ ဘုရားရှင်၏ အာဘော်-ကို ရိပ်စားမိသော ဗုဒ္ဓမတည [sic] အကျော်

ဒုတိယအကြိမ်။

www.dhammaransi.com



အဋ္ဌကထာဆရာတော်-က ဖွင့်ပြသည်မှာ၊ ဤကာယာ-နုပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီသည်၊ ထွက်တယ်, ဝင်တယ် စသည်ဖြင့် သတိပြုနေတာ မှတ်နေတာ သိ-သိနေတာတွေဟာ ဝိပဿနာမဟုတ်သေး၊ ဝိပဿနာ၏ အခြေခံ စိတ်ငြိမ်ရုံ၊ စိတ်တည်ရုံ၊ စိတ်ထိန်း-ကမ္မဋ္ဌာန်း သမာဓိ,သမထ ရှေ့ပိုင်းမျှသာရှိသေးသည်၊ ဖြစ်သေးသည် ဟု မသိလျှင် ဒါကိုဘဲ ဝိပဿနာ-ဟု မှတ်ထင်နေမည် စိုး၍( **သတိယာပဋ္ဌိလဒ္ဓ သမထော**)ဟု ဖွင့်ပြပေသည်။

## နောက်ပိုင်း ဝိပဿနာ၊

ဤလိုဤပုံ...ထွက်တိုင်း,ဝင်တိုင်း၊ ထွက်တယ်,ဝင်တယ် ဟု မလစ်စေမူ သတိပြု၊ သတိပြု၍ ရှုမှတ်နေခဲ့ရာ တစတစ သတိ**အား** သမာဓိအား ပြည့်ရင့်လာ၍ အာရုံတပါး စိတ် မထွက်သွားတော့ဘဲ ထွက်သက်,ဝင်သက် အာရုံထဲမှာ ခိုင် ခိုင်မြဲမြဲ ကေဂ္ဂတာကျကျ သမာဓိရရ၊ **အာ**ရုံ အာရမ္မဏိက ပူးကပ်နေတဲ့ခါ သတိပြုမှုရှုမှတ်မှုကို ခဏရပ်ထားကာ ထွက် သက်,ဝင်သက် အာရုံကို( ရုပ်တရား)။ ထွက်တယ်, ဝင်တယ် ဟု သတိပြုမှု၊ သတိပြုနေတဲ့ သတိနှင့် ယှဉ်သော စိတ်, စေတသိက်ကို(**နာမ်တရား**)။ ဤရုပ်နာမ် က အပို၊ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ ဤ ရုပ် နာမ်ကို လွှတ်၍ တရား အားထုတ်

www.dhammaransi.com



တတ်သော ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ဤ ရုပ်နာမ်မျှသာ ရှိ၏ဟု ရုပ်နာမ်ကို ပိုင်းခြား၍ သိမြင်ပြီးလျှင် ဤ ရုပ်နာမ် တို့ သည်လည်း အဘယ် အကြေ ာင်းကြောင့် ဖြစ်တနည်း ဟု စူးစမ်းဆင်ခြင်သည်ရှိသော်၊ အဝိဇ္ဇာ, တဏှာ, ကံ စသော အကြောင်းကြောင့်ဖြစ်၏၊ ဤ အဝိဇ္ဇာ,တဏှာ,ကံ စသည် ကား အကြောင်းတရား၊ ဤ ရုပ်နာမ်ကား အကျိုးတရား ဤ အကြောင်း-အကျိုး က အပို ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ ဤ အကြောင်း အကျိုးကို လွှတ်၍ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ဤ အကြောင်း အကျိုးမျှသာ ရှိ၏ဟု ရုပ်နာမ်အကြောင်းကို သိမ်းဆည်းပြီးလျှင် မိမိစိတ်ကို အာရုံပေါ်သို့ ပြန်တင်၊ အဆိုပါ အကြောင်း နှင့် တကွသော အကျိုး၊ ရုပ်နာမ် တို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ အနုပဿနာ သုံးပါး အနုပဿနာခုနစ်ပါးတို့ဖြင့် မီးပွတ်သောယောကျ်ားကဲ့သို့ မနေမနား အားထုတ်သည်ကို ဝိပဿနာ နောက်ပိုင်း ဆို သည်၊ ဝါ၊ (သမ္မဇဉေန ဝိပဿနာ)ဟု ဖွင့်ပြပေသည်။

သာဝနာအကျိုး

ဤဆို ဤပုံ — ရှေ့ပိုင်းသမာဓိ, သမထ၊ နောက်ပိုင်း ဝိပဿနာပညာ၊ ဤနှစ်ရပ်ကို စပ်၍ သမထနှင့် ဝိပဿနာ အကြောင်း နှင့် အကျိုး၊ လောကီနှင့် လောကုတ္တရာ၊ စပ်မိ

www.dhammaransi.com



ဟပ်မိသွားအောင် ပွားများ အားထုတ်တဲ့အခါ အားထုတ်ဆဲမှာ အားထုတ်တိုင်း,အားထုတ်တိုင်း(လော,ဒေါ,မော) စသော ကိုယ်တွင်း ကိလေသာ အညစ်အကြေး တို့သည် တစတစ တဒင်္ဂဝိက္ခမ္ဘန၊ အားတော်ကြာ သမုစ္ဆေဒ၊ အပြီးအပြတ် လက်စသတ် ချုပ်ငြိမ်းချုပ်ငြိမ်း သွားရခြင်းသည် ဝိပဿနာဘာဝနာ၏ အကျိုးပေတည်းဟုပြလို၍(အဘိဇ္ဈာဒေါမနဿ ဝိနယေန ဘာဝနာဖလံ)ဟု ဖွင့်ပြပေသည်။

ဤလို ဤပုံ ( သမထ ဝိပဿနာ ဘာဝနာဖလံ ) ဤသုံးမျိုးတို့ ဆီးငမ်းကွဲအောင် ခွဲ၍ သိမြင်ကြပါလေ ဆင်မြင်းကို စီ ပြီး အသိးမှန်း, အာမှန်း မသိ ရှိပါစေနှင့် သမထ, တွင် သောင်တင်မနေပါစေနှင့်။

## ဝိပဿနာလိုရင်း။

အချုပ်မှာ...ရုပ်နာမ် မပိုင်းခြားသမျှ သမထ = သာ ဖြစ်နေသည်၊ ရုပ်နာမ် ပိုင်းခြား-မှ ဝိပဿနာ ဖြစ်သည် သမထ လိုရင်းမဟုတ်၊ ဝိပဿနာ=သာ လိုရင်း ဖြစ်သည် သတိရှိပါစေ။

ပုဂ္ဂိုလ်

နိရယံ ဝုစ္စတိတိပုံ၊ တံ ဂစ္ဆတိတိ ပုဂ္ဂလော။

(ဂဋ္ဌပုံ)

ဒုတိယအကြိမ်။

www.dhammaransi.com



အဓိပ္ပါယ်.... ငရဲကို ပုံဆိုသည်၊ ထိုငရဲသို့ များသော အားဖြင့် သွားတတ်သောကြောင့် ( ပုဂ္ဂိုလ် ) ဆိုသည်၊ နည်းသောအားဖြင့်လည်း လူ့နတ် သို့ သွားတတ်သော ကြောင့် ( ပုဂ္ဂိုလ် ) ဆိုနိုင်ပါသေး၏။

## ပုထုဇန်

ထိုပုဂ္ဂိုလ်သည် (ပုထုကိလေသေဇနေတီတိ ပုထုဇ္ဇနော) နှင့် အညီ၊ များစွာသော ကိလေသာ-တို့ကို ဖြစ်စေတတ် သောကြောင့် ( ပုထုဇန် ) ဆိုရသည်။

## အန္ဓကလျာဏ

ထိုပုထုဇန် သည်လည်း "ဒွေ ပုထုဇနာ၊ ပ။ ပုထုဇနော" နှင့်အညီ၊ အန္ဓပုထုဇန်, ကလျာနပုထုဇန် ဟု နှစ်မျိုးရှိရာ၌

ယသာ ။ ပ။ နတ္ထိအန္ဓော။

ယသ ။ ပ။ အတ္ထိကလျာဏော - နှင့် အညီ။

အကြင်ပုထုဇန် အား ရုပ်, နာမ်, ခန္ဓာ, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ် စသည်တို့၌ သင်ခြင်း,မေးမြန်းခြင်း,ဆောင် သားခြင်း, ကြားနာခြင်း, စသည်မရှိ၊ ထိုပုထုဇန် အား သိမြင်အပ်သော ရုပ်,နာမ်,ခန္ဓာ,ဓာတ်,သစ္စာ တို့ကို သိမြင် ရမည့် ပညာမျက်စိ ကန်းသောကြောင့် အန္ဓ ပုထုဇန်ကန်း၏

ဒုတိယအကြိမ်။

www.dhammaransi.com



မည်၏၊ မကျွတ်ထိုက်,မလွတ်ထိုက်, မဂ်ဖိုလ် မရထိုက်သော အဘဗ္ဗ ပုဂ္ဂိုလ်-ဟု ဆိုလိုသည်။

အကြင်ပုဂ္ဂိုလ်အား အဆိုပါ ခန္ဓာ,အာယတန,ဓာတ် သစ္စာ, တို့ကို သင်ကြားခြင်း စသည်ကိုပြု၍၊ ဤကား-ခန္ဓာ ဤကား- အာယတန စသည်ဖြင့် ခန္ဓာ,ဓာတ် စသည်တို့ကို သိမြင်ရမဲ့ ပညာမျက်စိ ရှိသောကြောင့် ကလျာဏ ပုထုဇန် ကောင်း မည်၏၊ ကျွတ်ထိုက်, လွတ်ထိုက်, မဂ် ဖိုလ် ရထိုက် သော ဘဗ္ဗ ပုဂ္ဂိုလ်-ဟု ဆိုလိုသည်။

**မှတ်ချက်။** ဤ၌ ဤကားရုပ်၊ ဤကား နာမ်၊ ဤ ရုပ်နာမ်က အပို၊ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ဤရုပ် နာမ် မျှသာ ရှိ၏ဟု ဝိပဿနာဉာဏ်ဖြင့် ရုပ်နာမ်ကိုပိုင်းခြား၍ သိမြင် သော(နာမရူပ ပရိစ္ဆေဒ)ဉာဏ်ကို လက်ကိုင်ရလျှင် ဘယ် ဘဝ ဘယ်ကမ္ဘာ က မှ မကျွတ်မလွတ်, မထွက်မမြောက် နိုင်တဲ့ အန္ဓ ပုထုဇန် ဘဝ-က ကျွတ်လွတ် ထွက်မြောက်၊ ကလျာဏ ပုထုဇန်အဖြစ်ကို ရပြီ,ရောက်ပြီဟု သိ၍၊ ဝမ်း မြောက်လေ! မနေ့ရလို့သေရသော်လည်း နောက်,နောက် ဘဝကလို အန္ဓဘဝနှင့် မသေရတော့ဘူး၊ ကလျာဏ ဘဝ နှင့် သေရမည်၊ ယုတ်ညံ့နိမ့်ကျလှသော အန္ဓပုထုဇန်ထက် အတန်ငယ် အဆင့်အတန်း မြင့်သော ကလျာဏပုထုဇန်

www.dhammaransi.com



မဖြစ်စဘူး အထူးဖြစ်ရလေပြီ-ဟု သိ၍ ရွှေအိုး, ငွေအိုး ရတာထက် ဝမ်းမြောက်လေ။

စူဠသောတာပန်။

ဣမိနာပန ဉာဏေန သမန္နာဂတော ဝိပဿကော

လဒ္ဓဿာ သော လဒ္ဓပတိဋ္ဌော နိယတဂတိကော

စူဠသောတာပန္နော နာမ ဟောတိ။

(ဝိသုဒ္ဓိမဂ်)

အဓိပ္ပါယ်...ဤကားရုပ်၊ ဤကားနာမ်-ဟု ရုပ်နာမ်ကို ပိုင်းခြား၍သိမြင်တတ်သော (နာမရူပ ပရိစ္ဆေဒဉာဏ်) ဤ အဝိဇ္ဇာစသည်ကား အကြောင်းတရား၊ ဤ-ရုပ်နာမ် ကား အကျိုးတရားဟု ရုပ်နာမ်အကြောင်းကို ကောင်းကောင်း သိမြင်တတ်သော (ပစ္စယ ပရိဂ္ဂဟဉာဏ်) ဤနှစ်ဉာဏ် နှင့် ပြည့်စုံသော ဝိပဿနာအလုပ်ကို အားထုတ်သော ယောဂီ ပုဂ္ဂိုလ်သည် မရစဘူး,မရောက်စဘူး အထူး ဘုရားမြတ်စွာ သာသနာတော်၌ အပါယ်လွတ်ကြောင်း အခွင့်ကောင်းကို ကောင်းကောင်းကြီး ရရှိနေပြီဖြစ်၍ ရအပ်သော သက်သာ ရာ ရအပ်သော ထောက်ရာတည်ရာ ရှိပြီဖြစ်၍လက်ရှိဘဝ စုတိကျက အပယ်သို့ မလားမရောက်နိုင်တော့ဘဲ လူ, နတ်

ဒုတိယအကြိမ်။

www.dhammaransi.com



သုဂတိ အလား မြဲသော သောတာပန်ငယ်၊ သောတာပန်ကလေး ဘဝရာထောင် ကမ္ဘာရာထောင် အသခေျ အနန္တ လူဖြစ်, နတ်ဖြစ်, ဗြဟ္မာဖြစ် တို့ကို ရသော်လည်း တဘဝ တခါ တကြိမ်-မှ မဖြစ်ခဲ့၊ အထူးအမွန် စူဠသောတာပန် အစစ် အဖြစ်သို့ ရောက်တော့သည်ဟု ဆိုလိုပေသည်။

မှတ်ချက်။ ဤ နှစ်ဉာဏ်ကို မရ, မပေါက် မပိုင်သေးလျှင် စူဠသောတာပန် မဖြစ်နိုင်သေး ဤ နှစ်ဉာဏ်-ကို ရရောက်ပေါက်မြောက်လျှင် လက်ရှိဘဝ သေခါနီးကလေးမှာ ဤ ဉာဏ် လက်ကိုင်ရှိရှိနှင့် သေရပါက ဘယ်နည်းနဲ့မှ အပါယ်မကျနိုင်တော့ဘဲ နတ်ရွာသုဂတိ အလား မြဲသော စူဠသောတာပန်အစစ် မဖြစ်ရစဘူး အထူးဖြစ်ရပြီဟု သိ၍ ရွှေအိုး, ငွေအိုး ရသည် ထက် သိန်းထီပေါက်သည်ထက် အဆတရာ မကသာ၍ ဝမ်းမြောက် ဝမ်းသာ ရှိလေ။

တဖန်— ဝေပဿန္တော စူဠသောတာပန္နော နာမဟောတိ။
ဟူ၍လည်း ကျမ်းဂန်တို့၌ လာပြန်သည်။

အဓိပ္ပါယ်မှာ....ဤသို့ ရုပ်နာမ်ကအပို၊ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ အကြောင်းအကျိုးက အပို ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ ဒုက္ခ သမုဒယသစ္စာ က အပို၊ ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ အနိစ္စ, ဒုက္ခ အနတ္တ က အပို၊ ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ ရုပ်,နာမ် အကြောင်း

www.dhammaransi.com



အကျိုး ဒုက္ခ သမုဒယသစ္စာ၊ အနိစ္စ,ဒုက္ခ,အနတ္တ သာ ရှိ၏ ဟု မိမိဉာဏ်၌ ပိုင်ပိုင်ထိုးထွင်း၍ သိလျှင် လက်ရှိဘဝ စုတိ ကျ က ဘယ်နည်းနဲ့မှ အပါယ်မကျနိုင်တဲ့ စူဠသောတာပန် အစစ် ဖြစ်တော့သည်ဟု ဆိုသည်။

တဖန်... စူဠသောတာပန္နော ပိဟိတာ ပါယဒွါရယော၊ ဟူ၍လည်း လာရှိသေး၏။

အဓိပ္ပါယ်.... စူဠသောတာပန်ပုဂ္ဂိုလ်ဖြစ်လျှင် အပါယ် လေးပါး တံခါးပိတ်နိုင်ပြီဟု ဆိုလို၏၊ ဝမ်းမြောက်ဘွယ် ကြီး ပါတကား။

တဖန်--- ဧဝံ ပဿန္တော သာသနေ မူလံ ဩတိဏ္ဏော နာမ ဟောတိ ဟူ၍လာရှိ၏။

အဓိပ္ပါယ်.... ဤသို့ လောကသုံးပါး၌ လူ,နတ်,ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါဆိုသည်မှာ ပညတ်မျှသာ၊ ပရမတ္ထအားဖြင့် ထင်ရှား မရှိ၊ အဟုတ် အမှန် ကေန်မုချ ရှိသည်မှာ ရုပ်, နာမ် ခန္ဓာ ခေတ် သစ္စာ အကြောင်းအကျိုး အနိစ္စ, ဒုက္ခ အနတ္တသာ ရှိ၏ဟု ယထာဘူတဉာဏ်ဖြင့် မဘောက်မပြန် ဟုတ်မှန်စွာ သိမြင်သော သူသည် ဗုဒ္ဓမြတ်စွာ သာသနာ၌ သာသနိက သစ္စာနုလောမ ပညာအမြစ် ဆင်းသက်

ဒုတိယအကြိမ်။

www.dhammaransi.com



တွယ်ကပ်သည် မည်တော့သည်၊ ဘာသာတပါး မလှုပ်ရှား နိုင်တော့ဘဲ သမ္မာဒိဋ္ဌိ အယူမြဲ၍ လူ့နတ် သုဂတိ မြဲပြီး နိဗ္ဗာန်လမ်းမ ခြေဦးချမိလေပြီ-ဟု ဆိုလိုသည်၊ ဝမ်းသာ စရာ့ဝမ်းမြောက်စရာ အားတက်စရာကြီး ပါတကား၊ ဤ အသိမျိုး, ဤအမြင်မျိုး အမြန်ရအောင် ကြိုးစားလော့။

## မဟာသောတာပန်။

ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေန။ ပ။ သောတာပန္နောနာမ ဟောတိ။ (သင်္ဂဟ)

**အဓိပ္ပါယ်**—ဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်ခြင်းဖြင့် ပယ်အပ်ပြီး သော အပါယ်သို့သွားခြင်းရှိသည်ဖြစ်၍ ခုနစ်ကြိမ်မျှသာ လူ့နတ် ပဋိသန္ဓေကျန်ရှိသော အပါယ်လွတ် တရားလက် ကိုင် ရရှိပြီးသော မဟာသောတာပန် အစစ်ဖြစ်တော့သည် ဟု ဆိုလိုပေသည်။

မှတ်ချက်။ ဤ၌ ဒိဋ္ဌိ ဆိုသည်မှာ၊ ဝိပဿနာကို အား မထုတ်ဘူး၍ အနတ္တလက္ခဏာဉာဏ်-ကို မရသောကြောင့် ရုပ်,နာမ် အနတ္တကိုပင် ငါ့ကိုအတ္တဟု ယူမှားသော အယူ မှား ကို(ဒိဋ္ဌိ)ဆိုသည်၊ ဝိစိကိစ္ဆာ ဆိုသည်မှာလည်း ထို့ အတူ ပစ္စယပရိဂ္ဂဟဉာဏ် ကို မရသောကြောင့် ကာလ သုံးပါး၌ ယုံမှားခြင်းကို ဝိစိကိစ္ဆာဆိုသည်။

## ဒုတိယအကြိမ်။

www.dhammaransi.com



အဆိုပါ ဒိဋ္ဌိဝိစိကိစ္ဆာတို့သည်လည်း နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်၊ ဤ နှစ်ဉာဏ်တို့ကို ပိုင်ပိုင်နိုင်နိုင် လက်ကိုင် ရရှိလျှင်ပင် လင်းရောင်ရောက်က မိုက်မှောင်ပျောက် သကဲ့သို့ တာဒင်္ဂဝိက္ခမ္ဘန စသည်ဖြင့် တဖြေးဖြေး ကင်းကွာကင်းပျောက်၍ မဂ် အပ္ပနာ အရောက်မှာ အပျောက်ကြီးအပျောက် အကွာကြီးအကွာ အကင်းကြီးကင်းလေတော့သည်။

ဤလို ဤပုံ-ဝိပဿနာအလုပ်တရားသည် အန္ဓကလျာဏကလျာဏ-မှ စူဠသောတာပန်၊ စူဠမှ မဟာသောတာပန် သကဒါဂါမ်၊ အနာဂမ်၊ ရဟန္တာအထိ မွေးသေလွတ်တဲ့ နိဗ္ဗာန်ထိအောင်ရွက် ဆောင်၍ ပေးနိုင်သည်ကို သိရှိကြပါလေ၊ သို့-သိသော်လည်း သိရုံနှင့် မပြီး၊ သိတဲ့အတိုင်း ရရှိအောင် ဝိပဿနာအလုပ်ကို နှေး-ညှ မဆိုင်းဘဲ အားထုတ်ပါလေ၊ သို့မှ သိကျိုးရှိပေမည်။

ယခုအခါ လမ်းနှစ်ခွ ဘယ်လမ်း လိုက်ကြမလဲ။

ဖေါ်ပြခဲ့ပြီးတိုင်း ကျမ်းဂန်တို့၌ လာရှိသည်ကား -၊ ( ပုထုဇဉ်, အန္ဓ, ကလျာဏ, စူဠ သောတာပန်, မဟာသောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ပစ္စေကဗုဒ္ဓါ, ဘုရား ) ဟု ဆယ်မျိုးရှိရာ—

ဒုတိယအကြိမ်။

www.dhammaransi.com



၁။ "ပုဂ္ဂိုလ်" ဆိုသည်မှာ၊ လားရာဂတိ မမြဲ၊ ရံခါ သုဂတိ၊ ရံခါဒုဂ္ဂတိ, အမြဲမရှိနိုင်ဘဲ သွားတတ်, လာတတ်သော သူကို ပုဂ္ဂိုလ်ဆိုရသည်၊ သို့ရာတွင် မပူပင်နှင့် စာမဂ် တဖိုလ်မျှ လက်ကိုင်မရသေးတဲ့ ပုထုဇန်ပင် ဖြစ်သော်လည်း လက်ရှိဘဝ စုတိကျက ဒုဂ္ဂတိလွဲ၊ သုဂတိမြဲအောင် လုပ်နည်းရှိသားဘဲ၊ အဲသည်နည်းကို မှတ်ထားပေါ့။

လုပ်နည်းကား...အကြွင်သူအား (သဒ္ဓါ-သီလ=သုတ-စာဂ ပညာ ) ဤတရားငါးပါး လက်ကိုင်ရှိ၏၊ တစုံ တခုကုသိုလ် ကောင်းမှု ပြုတဲ့အခါ ဤကောင်းမှုသည် အာသဝေါတရားလေးပါး-တို့၏ ကုန်ရာ မဂ်ဖိုလ် နိဗ္ဗာန်ကို ရောက်အောင်, ရအောင် ရှက်ဆောင်နိုင်ပါစေ သတည်းဟု ဆုတောင်းလည်း ရှိ၏. ဤနှစ်ပါးစုံနှင့် ပြည့်စုံလျှင်=

" ယေသံ ဥဘယံ အတ္ထိ တေသံ ဂတိနိဗ္ဗဒါ " ဆိုတဲ့ ဥပရိပဏ္ဏာသ ဋ္ဌကထာ နှင့် အညီ၊ သုဂတိအလား မြဲနိုင်သည်ဟု သိလေ-မှတ်လော၊ ကိုယ်ရှင်ကို သုဂတိအလား မြဲအောင် ကျင့်တတ်စေရမည်။

ဒုတိယအကြိမ်။

www.dhammaransi.com



၂။ "အန္ဓ"ဆိုသည်မှာ၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ တို့ကို မသင်ဘူး မကြားဘူး မနာဘူး၍ ပုဂ္ဂိုလ် သတ္တဝါဆိုသည်ကား အဟုတ်မရှိ၊ ခန္ဓာ အာယတန ဓာတ်,သစ္စာသာ အဟုတ်ရှိ၏ဟု သိရမဲ့ ပညာမျက်စိ ကန်းသောသူကို ( အန္ဓ ) ပုဂ္ဂိုလ်-ဟု ဆိုသည်။

၃။ "ကလျာဏ"ဆိုသည်မှာ၊ အဆိုပါ ခန္ဓာ,အာယတန ဓာတ်, သစ္စာ တို့ကို သင်ကြား နာယူဘူး၍ ပုဂ္ဂိုလ် သတ္တဝါဆိုသည်မှာ အဟုတ်မရှိ၊ ပညတ်မျှသာ၊ ခန္ဓာ အာယတန, ဓာတ်သာ အဟုတ်ရှိ၏ဟု သိရမဲ့ ပညာ မျက်စိ ရှိသောသူကို(ကလျာဏ)ပုဂ္ဂိုလ် ဆိုရသည်။

ဆိုလိုရင်းမှာ— အဆိုပါ ပညာမျက်စိ မရှိက လူ ဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ ဘုရားနှင့် တွေ့ သော်လည်း မကျွတ်ထိုက်၊မလွတ်ထိုက်၊ မဂ်ဖိုလ် မရ ထိုက်သော လူအန္ဓ၊ နတ်အန္ဓ၊ ဗြဟ္မာအန္ဓ-ဟု ဆိုလို သည်၊ အဆိုပါပညာမျက်စိရှိက လူဖြစ်စေ၊ နတ်ဖြစ် စေ၊ ဗြဟ္မာဖြစ်စေ၊ ဘုရား-ဘုရားတပည့် သာဝက တို့နှင့် တွေ့ရ၍၊ ထို-ဘုရား, ဘုရားတပည့် သားတို့ ဟောတဲ့တရား-ကို နာကြားရတဲ့ခါ ကျွတ်ထိုက်၊ လွတ်ထိုက်၊ မဂ်ဖိုလ်ရထိုက်သော လူကလျာဏ၊ နတ် ကလျာဏ၊ ဗြဟ္မာကလျာဏ-ဟု ဆိုလိုသည်။

ဒုတိယအကြိမ်။

www.dhammaransi.com



၄။ "စုဋ္ဌသောတာပန်"ဆိုသည်မှာ၊ အဆိုပါ နာမ ရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟာဉာဏ်၊ ဤနှစ်ဉာဏ်ကို ပိုင်ပိုင်နိုင်နိုင် လက်ကိုင်ရရှိထားသောသူကို မည်သူ မဆို (စူဠသောတာပန်)ဆိုရလေသည်။

၅။ " မဟာသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် " ရဟန္တာ " ဆိုသည်မှာ၊ အဆိုပါ ဉာဏ်နှစ်ပါး-ကို ထက်ကိုင်ရရှိထားပြီးလျှင်၊ ဝိပဿနာဉာဏ် အဆင့် ဆင့် ဖြင့် မနေမနား မီးပွတ်သော ယောကျ်ား ကဲ့ အလားသို့ ရှုမှတ်ပွားများ အားထုတ်သည်ရှိသော် ဝိပဿနာဉာဏ်အဆင့်ဆင့်တက်၍ အနုလောမဉာဏ် အခြေမှန်လျှင် ရှေးဦးစွာ နိဗ္ဗာန်ကို မျက်မှောက် မြင်သိသောသူ ကို ( မဟာသောတာပန် ) နှစ်ကြိမ် မြောက် နိဗ္ဗာန်ကို မျက်မှောက် မြင်သိသောသူ-ကို ( သကဒါဂါမ် ) သုံးကြိမ်မြောက် နိဗ္ဗာန်ကို မျက် မှောက်မြင်သိသောသူကို (အနာဂါမ်)၊ လေးကြိမ် မြောက် နိဗ္ဗာန်-ကို မျက်မှောက်မြင်သိသောသူကို (ရဟန္တာ) ဟု ဆိုရလေသည်။

ဒုတိယအကြိမ်။

www.dhammaransi.com



၆။ “ ပစ္စေကဗုဒ္ဓါ ” ဆိုသည်မှာ၊ နှစ်သင်္ချေနှင့် ကမ္ဘာ ဘသိန်း ပါရမီ-ဖြည့်၍ မိမိ အလိုလို သစ္စာသိ၍ ရဟန္တာ ဖြစ်သွားသောသူ-ကို ( ပစ္စေကဗုဒ္ဓါ ) ဟု ဆိုရလေသည်။

၇။ “ဘုရား”ဆိုသည်မှာ၊ လေးသင်္ချေ၊ ရှစ်သင်္ချေ၊ တဆယ် ခြောက်သင်္ချေ နှင့် ကမ္ဘာတသိန်း ပါရမီဖြည့်၍၊ စေ့တဲ့ဘဝမှာ မိမိအလိုလို သစ္စာကိုလဲသိ၊ ရဟန္တာ လဲဖြစ်၊ အလုံးစုံကို အကုန်လဲသိပြီးသော သဗ္ဗညုတ ဉာဏ် ပိုင်ရှင်ကြီးဖြစ်သွားသော “ ပုဂ္ဂလ ဝိသေသ အဂ္ဂ ဒက္ခိဏေယျ”မြတ်သောအလှူကို ခံထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး တို့ကို အစဉ်အတိုင်း ( ပညာဓိက ဘုရား၊ သဒ္ဓါဓိက ဘုရား၊ ဝိရိယာဓိက ဘုရား ) ဟု ခေါ်ဆိုရလေသည်။

## ဘယ်လမ်းလိုက်ကြမလဲ

ကဲ-ကဲ ဘယ်လမ်းလိုက်ကြမလဲ ? ၊ သုံးကြီးပန် ဘုရား ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက တို့ကို ခြွင်းချန်။ ကြွင်းကျန်သော ပကတိသာဝကတို့မှာ လက်ရှိဘဝ သေ နေ့ က မဦးခင် တရားအလုပ် အားထုတ်၍ ရှေးဦးစွာ

www.dhammaransi.com



ဘယ်ဘဝ ဘယ်ကမ္ဘာမှ မကျွတ်မလွတ်ခဲ့ ဘူးသော အန္ဓ
က လွတ်၊ ကလျာဏ ဖြစ်၊ စူဠ သောတာပန်, မဟာ
သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်၍
နိဗ္ဗာန်ယူသိမ်း ငြိမ်းကြမလား ?၊ သို့မဟုတ်တရားအလုပ်
အားမထုတ်ဘဲ ဗိုလ်နေမြဲ-ကျွားနေမြဲ အန္ဓဘဝနှင့်ဘဲ သေ
ပွဲ ဝင်ကြမလား ?ဟူ၍သာ မေးရန် ရှိတော့၏ သို့သော်
မေးရမှာ အားနာပါတယ်၊ ကိုယ့်ရှင်ကို, ကိုယ့်စိတ် ကို
သာ မေး၍ လိုက်ကြပေတော့၊ ကံကောင်း ထောက် မ
တဲ့ လက်ရှိ ဘဝကြီးဟာ လမ်းနှစ်ခွသို့ ရောက်နေပါပြီ
သာသနာပ, မှာ ကလျာဏ, စူဠ, သော, သ, နာ, ရဟန္တာ
လမ်းမရှိပါ၊ အန္ဓလမ်းတခုတည်းသာ ရှိပါသည်၊ ယခု–
သာသနာတွင်းမှာကား အဆိုပါ ကလျာ-စူ-သော-သ-နာ
ရဟန္တာ လမ်း ရှိပါသည်၊ ကြီးကြီးမားမား သတိထား၍
လိုက်သင့်ကြပေသည်၊ ဤနေရာမှာ ဗာလနှင့် ပဏ္ဍိတ
ခွဲခန်းဘဲ၊ ဗာလဖြစ်က ဗိုလ်နေမြဲ ကျွားနေမြဲ အန္ဓလမ်း
ကိုဘဲ လိုက်လိမ့်မည်၊ ပဏ္ဍိတဖြစ်က ဘယ်ဘဝ ဘယ်ကမ္ဘာ
က မှ မဖြစ်ခဲ့စဘူး၊ မကျွတ်ခဲ့စဘူး အထူး – အဆန်း
ကလျာဏ, စူဠ, သော, သ, နာ, န္တာ လမ်း–သို့ လိုက်နိုင်
ကြပေလိမ့်မည်၊ မျက် တောင် မ ခတ် နှင့် အသာ, သာ

www.dhammaransi.com



ကြည့်နေ၊ တပွဲတလမ်း အကဲစမ်းဘို့ရာ ကိန်း ဆိုက်၍ နေ လေပြီ၊ ဝဋ်မှ ထွက်လို မဂ်ဖိုလ်ငံ့မျှော် သူတော်ကောင်း အပေါင်းတို့....။

ခွင့်သာခိုက်၊ ခွင့်သာဆဲ၊ ခွင့်သာတုံး

ခွင့်သာခိုက်မှ မလိုက်ခြင်လျှင် အမိုက်နင့်ပြင် ရှိသေးရဲ့လား။
ခွင့်သာဆဲမှ မခဲခြင်လျှင်၊ အလွဲ နင့်ပြင် ရှိသေးရဲ့လား။
ခွင့်သာတုံးမှ မရုန်းခြင်လျှင်၊ အရှုံးနင့်ပြင် ရှိသေးရဲ့လား။

အထက်ပါ လင်္ကာအရ အန္ဓကလှတ်၊ ကလျာဏ ဖြစ် စူဠသောတာပန်၊ မဟာသောတာပန်ဖြစ်၍၊ မဂ်ဖိုလ် ရခွင့် အတော်သင့်ဆုံး ဖြစ်တဲ့ (ဗုဒ္ဓုပ္ပါဒနဝမ) ခေတ်ကာလ ကောင်းကြီးနှင့် ပက်မင်းလက်ငင်း ကြုံတွေ့ရသည်နှင့်အညီ တရားအားထုတ်သောအားဖြင့် မလိုက်ချင်လျှင် အန္ဓ နှင့် သေရမည်ဖြစ်၍ နင့်ထက်မိုက်တာမရှိတော့၊ တရား အား ထုတ်သော အားဖြင့် မခဲခြင်လျှင် မဂ်ဖိုလ်တွေနှင့် လွဲပြီး တရားအားထုတ်သော အားဖြင့် မရုန်းခြင်လျှင် လက်ရှိ ဘဝ ရရှိရမဲ့ အပါယ် လွတ်တရားရ၊ မဟာသောတာပန် စသော အဖြစ်တွေဟာ တက်တက်စင် ရှုံးကုန်ပါပကော ဟု၍သာ ငိုချင်းချပေတော့။

အာနာပါနဝဋ်မှထွက်ခန်းကမ္မဋ္ဌာန်း—ပြီး၏။

www.dhammaransi.com

ဝန်းသိုမြို့၊

ခန္တီးစာသင်တိုက်နှင့် - ခန္တီးရိပ်သာ

နှစ်ဌာနတို့၏

နာယကဖြစ်တော်မူသော ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ

**အဘိဓဇ မဟာရဋ္ဌ ဂုရု**

**ခန္တီးဆရာတော်ဘုရားကြီး**

ဟောကြား (ပြု,သ) ဆုံးမတော်မူသော

# ယထာ ဘူတ ဉာဏ်
# အမြင်မှန်

ဒုတိယအကြိမ်

www.dhammaransi.com



## ၁။ ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗော၊

ဟုတ်သည့်အတိုင်း မှန်သည့်အတိုင်း ပဖေါက်မပြန် ဟုတ်မှန်စွာ သစ္စာကိုသစ္စာမှန်းသိသော ယထာဘူတဉာဏ်ကို ရစေခြင်းငှါ သွန်သင်ဆုံးမ ဩဝါဒကို ပေးစွမ်းနိုင်သော ဆရာကောင်း သမားကောင်း၊ ဆရာမြတ် သမားမြတ်ကို မတွေ့မနေ ရှာဖွေအပ်၏။

ဤသို့ လေးဆယ့်လေးကြိမ် တိုင်တိုင် တိုက်တွန်းနှိုးဆော်တော်မူခဲ့သည်ဟု မှတ်လေ။ ထို့ပြင်—

## ၂။ ယထာဘူတံ ဉာဏာယ အပ္ပမာဒေါ ကရဏီယော၊

ဟုတ်သည့်အတိုင်း မှန်သည့်အတိုင်း သစ္စာတိုသစ္စာမှန်းသိစေခြင်းငှါ မမေ့မလျော့ မပေါ့မဆ ပြုသင့်သည် ဟု ဤသို့အားဖြင့်သည်း နတ်-လူတို့ကို လေးဆယ့် လေးကြိမ် တိုင်တိုင် အဆုံးအမ ဩဝါဒပေးတော်မူသည်-ဟု သိမှတ်ပါလေ။

ဒုတိယအကြိမ်။

www.dhammaransi.com



ဤသို့အားဖြင့် ( ၅၂၈ ) ကြိမ် တိုင်တိုင် သာသာနိက သမ္မာဒိဋ္ဌိ အမည်ရှိသော, သစ္စာကို သစ္စာ-ဟု သိသော ယထာဘူတဉာဏ်ကိုမျှ မရမသိဘဲလျက် မေ့မေ့ လျော့လျော့ ပျော်ပျော်ပါးပါး အလွတ်စား တရားမဲ့ ပြုကျင့်နေခြင်းငှါ လုံး၀မသင့်ဟု ဩ၀ါဒ ဆုံးမပေးတော်မူသည် မှတ်လေ။

(နံပါတ်-၁-အနက်မှာ) ဘိက္ခဝေ၊ ရဟန်းဘို့၊ ယထာဘူတံ ဟုတ်မှန်တဲ့အတိုင်း။ ဉာဏာယ၊ သိစေခြင်းငှါ။ သတ္ထာ ယထာဘူတဉာဏ်-ကို ရအောင် ဟောပြော၍ ပေးတတ်သော ဆရာသမားကောင်းကို။ ပရိယေသိ တဗ္ဗော၊ မတွေ့ မနေ ရှာဖွေအပ်၏။

(နံပါတ်-၂-အနက်မှာ) ဘိက္ခဝေ၊ ရဟန်းတို့၊ ယထာဘူတံ ဟုတ်မှန်တဲ့အတိုင်း။ ဉာဏာယ၊ သိစေခြင်းငှါ။ အပ္ပမာဒေါ၊ မမေ့မလျော့ဘဲ။ ကရဏီယော၊ ပြုသင့်ပေသည်။

သစ္စာကို သစ္စာမှန်း သိသည်-ဆိုသည်မှာ ယထာဘူတဉာဏ်ကို ရမှသာ သိနိုင်ပေမည်။ ယထာဘူတဉာဏ်-ကို မရလျှင် သိနိုင်မည်မဟုတ်ပေ။

လောက၌ မျက်စိနှစ်ဘက် စုံလုံး ပျက်သော သူကန်းသည် မိမိအလိုရှိရာအရပ် သို့ ရောက်လိုလျှင် ရောက်နိုင်

ဒုတိယအကြိမ်။

www.dhammaransi.com



ပေမည်၊ ယထာဘူတဉာဏ်ကိုမျှ မရမသိဘဲလျက် မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်ရောက်နိုင်မည့် အရေးမှာ ဝေးလေဘိစွ၊ ယထာဘူတဉာဏ်ကို ရ မှ သာ ရောက်နိုင်မည်မှာ မုချ အမှန် ဖြစ်သည်–ဟု သိလေ–သတိရှိစေ။

## သစ္စာဆိုတာ အခြားမှာ ရှိသည်မဟုတ်ပါ ကိုယ်မှာရှိပါသည်။

"အပိစ ခွာဟံ အာဝုသော ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ လောကဉ္စ ပညပေမိ လောကသမုဒယဉ္စ လောကနိရောဓဉ္စ လောကနိရောဓ–ဂါမိနိဉ္စ ပဋိပဒံ။" ဟု လာ၏။

[သဂါထာဝဂ္ဂသံယုတ် လောဟိတသုတ် စာမျက်နှာ ၆၁]

(အနက်ကား) အာဝုသော၊ လောဟိတ·အမည်ရှိသော နတ်သား။ ဝါ၊ ဖြဟ္မာ။ အဟံ၊ ငါဘုရားသည်။ ခေါ၊ ကော်။ အပိစ၊ စင်စစ်ချင်လည်း။ ဗျာမမတ္တေ၊ တလံမျှလောက်ရှိသော။ သသညိမှိ၊ သညာရှိသော။ သမနကေ၊ စိတ်ရှိသော။ ကဠေဝရေ၊ ဤခန္ဓာကိုယ် ရုပ်အကောင်ပုပ်၌ သာလျှင်။ လောကဉ္စ၊ ဒုက္ခသစ္စာ–ကိုလည်း။ ပညပေမိ၊ အပြားအားဖြင့် သိစေတော်မူ၏။

ဒုတိယအကြိမ်၊

www.dhammaransi.com



လောကသမုဒယဥ္စ၊ သမုဒယသစ္စာကိုလည်း။ ပညပေမိ၊ အပြားအားဖြင့် သိစေတော်မူ၏။ လောကနိရောဓဥ္စ၊ နိရောဓသစ္စာကိုလည်း။ ပညပေမိ၊ အပြားအားဖြင့် သိစေတော်မူ၏။ လောကနိရောဓဂါမိနဥ္စ ပဋိပဒံ၊ မဂ္ဂသစ္စာ ကိုလည်း။ ပညပေမိ အပြားအားဖြင့် သိစေတော်မူ၏။

၁။ ထိုတွင်-ဒုက္ခသစ္စာဆိုသည်မှာ လောကီစိတ် ၈၁၊ လောဘကြဉ်သော စေတသိက် ၅၁ ပါး၊ ရုပ် ၂၈ ခု၊ ဤတရားတို့သည် ဒုက္ခသစ္စာမည်ကုန်၏။

(ဤဒုက္ခသစ္စာသည် သတ္တဝါတို့၏ကိုယ်၌ရှိ၏)

၂။ သမုဒယသစ္စာဆိုသည်မှာ ငါး ပါးအာရုံ ကာမဂုဏ်နှင့်တကွ ဘုံသုံးပါးတို့၌ ဖြစ်လိုဖြစ်ချင်နေတဲ့ တဏှာ ရာဂ လောဘပေတည်း။ ဤ တဏှာ ရာဂ လောဘသည် သမုဒယသစ္စာမည်၏။

(ဤသမုဒယသစ္စာသည် သတ္တဝါတို့၏ကိုယ်၌ရှိ၏)

၃။ အဆိုပါ ဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါးတို့၏ တဖန်-အသစ်မဖြစ်ရာ ကုန်ဆုံးချုပ်ငြိမ်းရာ နိဗ္ဗာန် သည် နိရောဓသစ္စာမည်၏။

(ဤနိရောဓသစ္စာသည် သတ္တဝါတို့၏ကိုယ်၌ရှိ၏)

ဒုတိယအကြိမ်။

www.dhammaransi.com



ဤဉ္စ ပရိယာယ ဒေသနာနည်း ဟု မှတ်ပါ။(သန္တိကေ နဝိဇာနန္တိ မဂ္ဂါ ဓမ္မသ အကောဝိဒါ (သုတ္တံနိပါတ် ကို ထောက် )

၄။ လောကုတ္တရာမဂ်စိတ် ၄ ခု၌ရှိသော သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပစသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။
(ဤမဂ္ဂသစ္စာသည် သတ္တဝါတို့၏ကိုယ်၌ရှိ၏)

(တနည်း)ဆင်းရဲတာအမှန် ဒုက္ခသစ္စာ၊ ဆင်းရဲကို ဖြစ်စေတာအမှန် သမုဒယသစ္စာ ဆင်းရဲချုပ်ရာအမှန် နိရောဓသစ္စာ၊ ဆင်းရဲချုပ်ငြိမ်းရာ သို့ ရောက်ကြောင်း အကျင့်အမှန် မဂ္ဂသစ္စာမည်၏။

သရုပ်အားဖြင့်—

၁။ ဤတေဘူမကသင်္ခါရတရားသည် ဒုက္ခံ(ဆင်းရဲတည်းဝါ-ဒုက္ခသစ္စာတည်း။)

၂။ ဤလောဘသည် ဒုက္ခသမုဒယော (ဆင်းရဲကြောင်းတည်း၊ ဝါ-သမုဒယသစ္စာတည်း။

၃။ ဤနိဗ္ဗာန်သည် ဒုက္ခနိရောဓော(ဆင်းရဲချုပ်ရာတည်းဝါ၊ နိရောဓသစ္စာတည်း။)

www.dhammaransi.com



၄။ ဤ-မဂ္ဂင်ရှစ်ပါး သည် ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ ( ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တည်း၊ ဝါ-မဂ္ဂသစ္စာတည်း။ )

ဤကဲ့သို့ ဟုတ်မှန်တဲ့အတိုင်း သိခြင်းသည် ယထာဘူတဉာဏ် မည်၏။

ပရိယာယ်အားဖြင့် ...

၁။ ဣမေ၊ ဤ လောဘ, ဒိဋ္ဌိ, မောဟ, တို့သည် အာသဝါ။ ( တုံအားဖြင့် ဘဝဂ်၊ ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ယိုစီးတတ်သော အာသဝေါတရားတို့တည်း)

၂။ ( အယံ ) ဤ လောဘ-သည် အာသဝသမုဒယော ( အာသဝေါတရားတို့၏ ဖြစ်ကြောင်းတည်း။ )

၃။ ( အယံ ) ဤ နိဗ္ဗာန် - သည် အာသဝ နိရောဓော (အာသဝေါတရားတို့၏ ချုပ်ရာတည်း)

၄။ ( အယံ ) ဤမဂ္ဂင်ရှစ်ပါးသည် အာသဝနိရောဓဂါမိနီပဋိပဒါ။ ( အာသဝေါတရား တို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တည်း။)

ဤသို့ ဟုတ်မှန်တဲ့အတိုင်း သိခြင်းသည် ယထာဘူတဉာဏ်မည်၏။

ဒုတိယအကြိမ်။

www.dhammaransi.com



မှတ်ချက်။ ။ ဤလိုဤပုံ သစ္စာ ၄ ပါးကို သရုပ်အားဖြင့်ရင်း၊ ပရိယာယ်အားဖြင့်ရင်း၊ နှစ်မျိုးဟောထားသည်။

[မဇ္ဈိမနိကာယ အနုတ္တရကသုတ် ဆဋ္ဌမူ စာမျက်နှာ - ၁၁]

ဇဝံ၊ ဤသို့ ဇာနတော သစ္စာ ၄ ပါးကို သရုပ်အားဖြင့်ရင်း, ပရိယာယ်အားဖြင့်ရင်း, (သိထသော) ပဿတော သစ္စာ ၄ ပါးကို သရုပ်အားဖြင့်ရင်း, ပရိယာယ်အားဖြင့်ရင်း(မြင်ထသော။ တဿ၊ ထိုပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည် ကာမာသဝါပိ၊ ကာမာသဝ မှ လည်း။ ဝိမုစ္စတိ၊ လွတ်၏ ဘဝါသဝါပိ၊ ဘဝါသဝ မှ လည်း။ ဝိမုစ္စတိ၊ လွတ်၏။ ဒိဋ္ဌာသဝါပိ၊ ဒိဋ္ဌာသဝ မှ လည်း။ ဝိမုစ္စတိ၊ လွတ်၏။ အဝိဇ္ဇာသဝါပိ၊ အဝိဇ္ဇာသဝမှလည်း။ ဝိမုစ္စတိ၊ လွတ်၏။ (ထိုအာသဝမှ လွတ်သော ပုဂ္ဂိုလ်ကို ဤသို့မှတ်ရာ၏)

* မှတ်ချက်။ ။ (၁)ကာမာသဝ မှ လွတ်တယ် ဆိုတာ ရှေးကလို ငါးပါးအာရုံ ကာမဂုဏ် တို့၌ မွေ့လျော်ပျော်ပါးခြင်း တဏှာ မရှိသည်ကို ဆိုသည်။

(၂) ဘဝါသဝမှ လွတ်တယ်ဆိုတာ ရှေးကလို ဘုံသုံးပါးတို့၌ မွေ့လျော်ခြင်း တဏှာ မရှိသည်ကိုဆိုသည်၊

ဒုတိယအကြိမ်။

www.dhammaransi.com



(၃) ဒိဋ္ဌာသဝမှ လွတ်တယ်ဆိုတာ ရှေးက လို လူဘဲ, နတ်ဘဲ, ဗြဟ္မာဘဲ, ယောကျ်ား မိန်းမဘဲ စသည်ဖြင့် အလွဲအမှား အစွဲတရား အယူမှားမရှိသည်ကို ဆိုသည်။

(၄) အဝိဇ္ဇာသဝ-မှ လွတ်တယ်ဆိုတာ ရှေးကလို သစ္စာလေးပါးကို မသိရအောင် ဖုံးလွှမ်းထားတဲ့ မောဟ မရှိသည်ကို ဆိုသည်။

အဲဒါလဲ ယထာဘူတဉာဏ်ဘဲ။ ထိုမှတပါး—

၁။ ဖြစ်ဖြစ်သမျှ ရုပ်နာမ်က၊ ဒုက္ခသစ္စာမှတ်။
၂။ ဖြစ်လိုပြန်က သမုဒယ၊ ဒုက္ခဖြစ်ကြောင်းမှတ်။
၃။ ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင်၊ မဂ္ဂင်တရားမှတ်။
၄။ မဖြစ်ပါမှ၊ လမ်းမှန်ကျ၊ မဂ္ဂသစ္စာမှတ်။
၅။ မဖြစ်ပါမှ နိရောဓ၊ ဒုက္ခငြိမ်းအေးမှတ်။
၆။ သစ္စာလေးပါး၊ မှန်တရား၊ ပိုင်းခြားသိအောင်မှတ်။

ဤလို သစ္စာလေးပါးကို သိတာလဲ ယထာဘူတဉာဏ်ဘဲ။ ထိုမှတပါး—

ဒုက္ခကိုသိ ပယ်ဘိတဏှာ၊
မဂ္ဂင်ကိုပွား ရောက်ငြားနိဗ္ဗာန်သာ။

ဒုတိယအကြိမ်။

www.dhammaransi.com



၁။ တဏှာမှတပါးသော ရုပ်နာမ်ခန္ဓာကို ဒုက္ခသစ္စာလို့ သိပါတဲ့။

၂။ ဘုံသုံးပါးတို့မှာ ဖြစ်လိုဖြစ်ချင်နေတဲ့ တဏှာ့ကို ပယ်ပါတဲ့။

၃။ မဂ္ဂင်ရှစ်ပါး မြတ်တရားကို နေ့စဉ်ပွားပါတဲ့။

ဤသုံးပါး-ကို အားထုတ်ပါလျှင် နိဗ္ဗာန်ရောက်မှာ သေချာနေပါပြီတဲ့။

## ပညတ်—ပရမတ်။

**အမေး။** ဟုတ်မှန်တဲ့အတိုင်း သိတဲ့ဉာဏ်ဆိုတာ ဘယ်ဉာဏ်လဲ။

**အဖြေ။** ဓာတ္တ ဝုတ္တာ ဘိဓမ္မတ္ထာ၊ စတုဓါ ပရမတ္ထတော စိတ္တံ စေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ။

ဆိုတဲ့ လက်သန်းအဋ္ဌကထာနှင့်အညီ လောက၌ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ ဆိုတဲ့ သမ္မုတိ ပညတ်ထဲမှ ခွဲထုတ်၍ ယူပါလျှင် စိတ်, စေတသိက်, ရုပ် နိဗ္ဗာန်ဆိုတဲ့ ပရမတ်ခဲတခုတည်းကိုသာရပါမည်၊ ဝါ၊ စိတ် စေတသိက်, ရုပ်, နိဗ္ဗာန် ဆိုတဲ့ ပရမတ္ထတရား လေးပါးကို သာ အမှန်ရပါမည်။ ဤ၌ (စိတ်, စေတသိက်, ရုပ်) ဆိုတဲ့ ပရမတ်သုံးပါး-က ပိုလွန်၍ လောက၌ ပုဂ္ဂိုလ် သတ္တဝါ တစုံ တခု မှ မရှိတော့ပါ။

ဒုတိယအကြိမ်။

www.dhammaransi.com



ဆောင်ပုဒ်.... စိတ်,စေ,ရုပ်,နိ၊ လေးပါးရှိ မှတ်ဘိ ပရမတ်။

ထိုတွင် စိတ်, စေတသိက်, ရုပ် ဆိုတဲ့ ရှေ့ပရမတ် သုံးပါးကို(လောကီ)ပရမတ် ဟု သိပါ၊ နောက်ဆုံး နိဗ္ဗာန် ပရမတ်-ကို (လောကုတ္တရာ ပရမတ်)ဟု သိပါ။

အဲဒီ စိတ်, စေတသိက်, ရုပ် ဆိုတဲ့ ( လောကီ ပရမတ္ထ တရား ) သုံးပါးကလဲ အမြဲ ဖြစ်ပျက်နေကြသည်။ ၎င်း ပရမတ်သုံးပါးကို လက္ခဏာရေးသုံးပါးသို့တင်၍ သမ္မသန ဉာဏ်, ဥဒယဗ္ဗယဉာဏ်, စသည်ဖြင့် ဆင်ခြင်သုံးသတ် သွား ပါလျှင် ဉာဏ်စဉ်တက်၍ အရဟတ္တမဂ်ဆိုတဲ့ နောက်ဆုံး နိဗ္ဗာန်ကို ရနိုင်သည် ရောက်နိုင်သည် ဟု မှတ်လေ။

ထိုတွင် ( လောကီပရမတ် ) သုံးပါး၌ -

| | |
|---|---|
| (စိတ်အရ) | စိတ် တခု ယုတ် ကိုး ဆယ်၊ အ ကျယ် တရာ့နှစ်ဆယ့်တပါး ကို ယူပါ။ |
| (စေတသိက်အရ) | စေတသိက် ဒွေးပညာသ ၅၂ပါး ကို ယူပါ။ |
| (ရုပ်အရ) | ရုပ် ၂၈ ပါး အကုန်ယူပါ။ |
| ( နိဗ္ဗာန်အရ ) | စိတ်, စေတသိက်, ရုပ်, တို့၏ ကုန်ဆုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ယူပါ။ |

ဒုတိယအကြိမ်။

www.dhammaransi.com



ထို စိတ်, စေတသိက်, ရုပ်, သုံးပါးတို့ဟာလဲ အပါယ်လေးဘုံမှာ ဖြစ်တာလဲ (စိတ်,စေတသိက်,ရုပ်တို့ဘဲ)၊ လူ့ဘုံမှာ ဖြစ်တာလဲ (စိတ်,စေတသိက်,ရုပ်, တို့ဘဲ) နတ်ဘုံမှာ ဖြစ်တာလဲ (စိတ်,စေတသိက်,ရုပ် တို့ဘဲ)၊ ဗြဟ္မာ့ဘုံမှာ ဖြစ်တာ လဲ (စိတ်, စေတသိက်, ရုပ် တို့ဘဲ)၊ အားလုံး ဘုံသုံးပါးမှာ ဖြစ်နေတာတွေဟာ (စိတ်,စေတသိက်,ရုပ်,တွေချည့်ဘဲလို့ သိမှတ်ပါလေ။)

အဆိုပါ (စိတ်,စေတသိက်,ရုပ် တို့ကို)နှုတ်ပယ်ထားပါလျှင် ဘုံသုံးပါးတို့မှာ ဘုံအခေါင်းဟောင်းလောင်းချည်းသာ ကျန်ရှိပေတော့မည်။ ဘာမှ မရှိတော့ပြီ။ ဥပမာ—စပါးကျီထဲမှာ စပါးတွေကို နှုတ်ပယ်ထားပါလျှင် စပါးကျီ အခေါင်းချည်းသာ ကျန်သကဲ့သို့တည်း။ ဤသို့ သိခြင်း သည်လည်း ယထာဘူတဉာဏ်တည်း။

သို့ရာတွင် အဆိုပါ (စိတ်,စေတသိက်,ရုပ်,တို့ကိုသာ) ဘုံသို့လိုက်၍ ပညတ်အားဖြင့် အပါယ်ကောင်၊ လူကောင် နတ်ကောင်၊ ဗြဟ္မာကောင်၊ ယောကျ်ား မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါ-ဟု ခေါ်ဆိုကြရသည်၊ တကယ်ရှိ၍ ခေါ်ရသည် မဟုတ်၊ သင်္ကေတ ပညတ်အားဖြင့်သာ ခေါ်ဆိုရသည်ဟု သိပါလေ၊ ဤသို့သိခြင်းလည်း ယထာဘူတဉာဏ်ပေတည်း။

ဒုတိယအကြိမ်။

www.dhammaransi.com



ထို့ကြောင့်....

၁။ ပညတ်မြင်, ပညတ်သိ, မိစ္ဆာဒိဋ္ဌိ အမှားသိ။

၂။ ပရမတ်မြင်, ပရမတ်သိ, သမ္မာဒိဋ္ဌိ အမှန်သိ။

၃။ မရှိပညတ်, ရှိပရမတ်, နှစ်ရပ်ခွဲ၍မှတ်။

၄။ ပညတ်မှာ အဟုတ်မရှိတာ၊ ပရမတ်မှာ အဟုတ်ရှိတာ

၅။ အပြောမှာ ပညတ်နှင့်ပြောပါ၊ အယူမှာ ပရမတ် ထိ အောင်ယူပါ။ အပြောမှာ သူငါဟု ပညတ် နှင့် ပြော သော်လည်း၊ အယူမှာ ရုပ်နာမ် ပရမတ်ထိအောင် ယူပါ။

အမှန်ကောန်ရှိသည်မှာ (စိတ်, စေတသိက်, ရုပ် တို့သာ လျှင်တည်း။) ၎င်းတို့ကို ခွဲပြန်လျှင် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး, အာယတနတဆယ့်နှစ်ပါး, ဓါတ်တဆယ့်ရှစ် ပါး တို့သာ အမှန်ရှိသည်၊ ကောန်ရှိသည်၊ မုချရှိသည်-ဟု သိခြင်းသည် ယထာဘူတဉာဏ်ပေတည်း။

ဤသို့ သိရမည် မြင်ရမည်-ကို မသိ မမြင်ဘဲ အလွဲလွဲ အချော်ချော် အမှားမှား အယွင်းယွင်းဖြင့် အပါယ် သတ္တဝါ ကောန်ရှိသည်၊ လူ နတ် ဗြဟ္မာ သတ္တဝါ ကောန်ရှိ သည်-ဟု အထင်မှား အမြင်မှား အယူမှားနေခြင်းသည်။ ပညတ်မြင် ပညတ်သိ မိစ္ဆာဒိဋ္ဌိအမှားသိဟု မှတ်လေ။

ဒုတိယအကြိမ်။

www.dhammaransi.com



ထိုသို့မယူဘဲ — ဘုံသုံးပါးတို့မှာကံအားလျော်စွာ ဖြစ်နေလေသမျှ သတ္တဝါတွေဟာ(စိတ်,စေတသိက်,ရုပ်တွေသာ) ဖြစ်ကြပျက်ကြသည်၊မွေးကြသေကြသည်။(ကာမဝေါကာရ ဘုံမှာဆိုလျှင်) ရုပ်ခန္ဓာတပါးတည်းသာ ဖြစ်ကြ ပျက်ကြသည် (စတုဝေါကာရဘုံမှာဆိုလျှင်) နာမ်ခန္ဓာလေးပါးသာ ဖြစ်ကြပျက်ကြသည်။ ကျန် ပဉ္စဝေါကာရ ၂၆ ဘုံမှာ ဆိုလျှင် ခန္ဓာ ငါးပါးလုံး ဖြစ်ကြ ပျက်ကြသည်-ဟု သိလေမှတ်လေ၊ ဤသို့ သိခြင်းမြင်ခြင်းသည်လည်း ပရမတ်မြင် ပရမတ်သိ သမ္မာဒိဋ္ဌိအမှန်သိ ယထာဘူတဉာဏ် ပေတည်း။

လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ပညတ်ပျောက်၊
ရုပ် နာမ် ခန္ဓာ အာယတန ဓါတ်ဆိုတဲ့ ပရမတ်ပေါက်၊
အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့လက္ခဏာရေးဆိုက်။
ဒုက္ခ သမုဒယ ဆိုတဲ့ သစ္စာကိုက်အောင် အသိမှန်အမြင်မှန် အယူမှန်ကို ယူကြပါလေ။

လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ်သတ္တဝါ ဆိုတာတွေက အဟုတ်မရှိ ပညတ်ဟုသိပါ။ (စိတ်,စေတသိက်,ရုပ်,ဆိုတာတွေက) အဟုတ်တကယ်ရှိ ပရမတ် ဟု သိပါ။

www.dhammaransi.com



ပါးစပ်နှုတ်ဖျားက လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ စသည်ဖြင့် ပညတ်နှင့် ပြောပါဆိုပါ။ အယူအသိမှာမူ (စိတ်, စေတသိက်, ရုပ် ဆိုတဲ့) ပရမတ် ထိအောင် ယူပါလေ။

ပညတ်ကိုလည်း မပယ်ရ-မပယ်ကောင်း၊ အများပြောဆို သုံးနှုန်းနေကြသည့် ပညတ်နေရာမှာ ပညတ်နှင့်သာ သုံးပါ။ ပရမတ်နေရာမှာ ပရမတ်နှင့် သုံးပါ။ အပြောမှာ သောတာပန်အစ ဘုရားအဆုံး ပညတ်နှင့် ပြောဆို သုံးနှုန်းကြသည်ဟု သိပါလေ၊ အဆိုရှိက ပညတ် နဂိုရှိက ပရမတ်ဟု သိ။

ရုပ်နာမ်နှစ်ပါး-အဆိုပါ စိတ်,စေတသိက်,ရုပ်,ဟူသော ပရမတ္ထတရား သုံးပါးတွင် ( စိတ်, စေတသိက် က နာမ်တရား)၊ (ရုပ် က ရုပ်တရား)။ ဤသို့အားဖြင့် ရုပ်နာမ်နှစ်ပါးသာ ဟု သိပါ။

ခန္ဓာငါးပါး-အဆိုပါ စိတ်,စေတသိက်,ရုပ်ဆိုသည်မှာ အခြားမဟုတ်၊ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါ။ ခန္ဓာငါးပါးသာဟု သိပါ။ ရုပ် နာမ် နှစ်ပါး တို့တွင် ရုပ်က - ရူပက္ခန္ဓာ၊ နာမ် က ။ နာမက္ခန္ဓာတည်း။

ဒုတိယအကြိမ်။

www.dhammaransi.com



နာမက္ခန္ဓာ လေးပါးတွင် ဝိဉာဏ် က - ဝိညာဏက္ခန္ဓာ၊ ဝိဉာဏက္ခန္ဓာနှင့် အတူတကွ ဖြစ်ကြသော ဝေဒနာက- ဝေဒနက္ခန္ဓာ၊ သညာက-သညက္ခန္ဓာ၊ ဝေဒနာသညာ မှ ကြွင်းသော စေတသိက် ၅၀ က သင်္ခါရက္ခန္ဓာ၊ ဤသို့အား ဖြင့် ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ တည်းဟူသော ခန္ဓာငါးပါးသာ ဖြစ်သည် ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ မဟုတ် ဟု သိပါ။ ဤသို့ သိခြင်းသည်လည်း (ယထာဘူတဉာဏ်ဘဲ)။

အာယတန တဆယ့်နှစ်ပါး-ထိုခန္ဓာငါးပါးသည်လည်း တခြားမဟုတ်ပါ။ စက္ခာယတန,သောတာယတန,စသော အာယတနတဆယ့်နှစ်ပါး တို့သာတည်းဟု သိခြင်းသည် လည်း ယထာဘူတဉာဏ်ပေတည်း။

ဓာတ်တဆယ့်ရှစ်ပါး- ထိုအာယတနတဆယ့်နှစ်ပါး တို့သည်လည်း အခြားမဟုတ်ပါ၊ စက္ခုဓါတ်,သောတဓါတ် စသော ဓာတ်တဆယ့်ရှစ်ပါး တို့သာ ဟု သိခြင်းသည် လည်း ယထာဘူတဉာဏ်ပေတည်း။

သံသရာ - ထို ရုပ် နာမ်, ခန္ဓာ, အာယတန ဓာတ် တို့ သည်လည်း အခြားမဟုတ်ပါ ပုဂ္ဂိုလ်,သတ္တဝါ,ယောကျ်ား မိန်းမ မဟုတ်ကြပါ။

ဒုတိယအကြိမ်။

www.dhammaransi.com



"သံအဗ္ဗောစ္ဆိန္နံ သရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ သံသာရော" ဆိုတဲ့ ဝိဂြိုဟ်နှင့်အညီ မပြတ်မလတ် မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေမှုသော, ဖြစ်ပျက်နေမှုသေ ဆိုတဲ့ သံသရာ ဝဋ်ဆင်းရဲကြီးထဲမှာ တရားအားမထုတ်၍ နိဗ္ဗာန်မရသေးသမျှ ကာလပတ်လုံး ပြီးဆုံးတယ်လို့မရှိ၊ တခုတခုသော ဘဝ ပဋိသန္ဓေအစ စုတိ သေနေ့အဆုံး၊ တဖန် ပဋိသန္ဓေအစ, စုတိ သေနေ့အဆုံး မြစ်ချောင်းတွင်းမှာ စီးဆင်းနေကြသော မြစ်ရေ ချောင်းရေ ကဲ့သို့ရင်း၊ တောက်လောင်နေသော ဆီမီးကဲ့သို့ရင်း၊ ရုပ် နာမ် ခန္ဓာ တွေဟာ ဖြစ်လိုက် ပျက်လိုက်, ဖြစ်ချေ ပျက်ချေ, ဖြစ်တုံ ပျက်တုံ အဟုန်မစဲ တသဲသဲ အမြဲဖြစ် ပျက် နေကြသော သံသရာ ဝဋ်ဆင်းရဲ၊ သံသရာဘေး၊ သံသရာဝဋ်ဒုက္ခတို့သာ ဖြစ်သည် ဟု သိမြင်ခြင်းသည်လည်း ယထာဘူတဉာဏ် မည်၏။

တနည်းအားဖြင့် .... ယထာဘူတဉာဏ် အမြင်မှန် ဆိုသည်မှာ—သွားတတ် ရပ်တတ် ထိုင်တတ် လျောင်းတတ်သော ပုဂ္ဂိုလ်သတ္တဝါကား ထင်ရှားမရှိ လုံးဝမရှိ၊ ကေန် အမှန် ရှိသည်ကား (တစုံတခုသော အရပ်သို့ သွားလိုတဲ့ အခါ ရှေးဦးစွာ သွားလိုသော စိတ် ဖြစ်ပေါ် လာ၏။

ဒုတိယအကြိမ်။

www.dhammaransi.com



ထိုစိတ်ကြောင့် တကိုယ်လုံးတကောင်လုံး ပျံ့နှံ့လာသော ဝါယောလေရုပ်ဖြစ်ပေါ်လာ၏၊ ထိုဝါယောလေဓါတ်က ပုဂ္ဂိုလ်၏ သွားလို သွားချင်တဲ့ အမူအယာ ဝိညတ်ရုပ် အမျိုးမျိုးဖြစ်အောင် ပြုလုပ်ပေး၏၊ ရပ်ခြင်း ထိုင်ခြင်း၊ လျောင်းခြင်း အမူအရာတို့၌လည်း ထို့အတူ သိပါလေ ဉာဏ်ကြီးပါစေ။

၁။ သွားနေတဲ့အထဲမှာ သူဒပါ, ငါမရှိ၊ ဘယ်သူမှ မရှိ၊ သွားလိုတဲ့စိတ်က နာမ်တရား၊ စိတ်ကြောင့်ဖြစ်တဲ့ ဝါယောရုပ်က ရုပ်တရား၊ ရုပ်နာမ်နှစ်ပါးသာ သွားသည် ဟု သိလေ မှတ်လေ။

၂။ ရုပ်နာမ် မှန်က ဥပါဒ်, ဋ္ဌီ, ဘင် မျှ ဖြစ်၍ပျက်ရသောကြောင့် မမြဲတဲ့ အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ၊ အစိုးမရတဲ့ အနတ္တ လက္ခဏာရေးသုံးပါးကို သိလေ။

၃။ အမှန်မှာ= ဒုက္ခသစ္စာ, သမုဒယသစ္စာ, သစ္စာ နှစ်ပါးသာ သွားနေ၏ ဟု သိပါလေ။

၄။ စိတ်က နာမ်တရား၊ ဝါယောဓာတ်က ရုပ်တရား ရုပ် နာမ် နှစ်ပါးသာ သွားသည်။

ဒုတိယအကြိမ်။

www.dhammaransi.com



၅။ စိတ်က အကြောင်းတရား ဝါယောရုပ်ဓါတ် က အကျိုးတရား၊ အကြောင်းအကျိုး နှစ်ပါးသာ သွားသည် ဟု သိလေ။

၆။ ဤကားနာမ်၊ ဤကားရုပ်ဟု ရုပ်နာမ် နှစ်ပါး ကို ပိုင်းခြား၍ သိတာက (နာမရူပ ပရိစ္ဆေဒဉာဏ်)။

၇။ ဤ ကား အကြောင်း၊ ဤ ကား အကျိုး ဟု အကြောင်း အကျိုး ကို ပိုင်းခြား၍ သိတာ က ( ပစ္စယ ပရိဂ္ဂဟဉာဏ် )။

၈။ ရုပ်နာမ် ကို ပိုင်းခြား ရုပ်နာမ်တို့၏ အကြောင်း အကျိုးကို သိမ်းဆည်းပြီး ရုပ်နာမ်မှန်က ဥပါဒ်၊ ဌီ၊ ဘင် မျှ ဖြစ်၍ ပျက်ရသောကြောင့် မမြဲတဲ့အနိစ္စ၊ မမြဲလို့ ဆင်းရဲတဲ့ဒုက္ခ၊ မမြဲတာကို မြဲအောင်၊ဆင်းရဲတာကို ချမ်းသာအောင် အစိုးမရ၊ အလိုသို့မလိုက်၊ အကြိုက်သို့မပါစေ နိုင်သောကြောင့် အနတ္တသဘောတည်း ဟု သုံးသပ် ဆင်ခြင် ဉာဏ်၌ ထင်ခြင်းသည် ( သမ္မာသနဉာဏ် ) ဖြစ်သည်ဟု သိပါလေ ယောဂီတွေတို့။

တနည်း အားဖြင့် ＝ ယထာဘူတဉာဏ် အမြင်မှန် ဆိုသည်မှာ＝

ဒုတိယအကြိမ်။

www.dhammaransi.com



၁။ မိမိခန္ဓာကိုယ်မှာ သူ့ငါ ဆိုတဲ့အတိုင်း သူ့ငါ တွေရှိသလား။ ဘာတွေရှိသလဲ။ စေ့စေ့တွေး ရေးရေး ပေါ်၊ စေ့စေ့စဉ်းစား ဘွားဘွားပေါ် ဆိုတာလို စေ့စေ့ စပ်စပ် ဉာဏ်မျက်စိနဲ့ကြည့်တော့ (ဆံပင်အစ ဦးနှောက် အဆုံး)ရှိတဲ့ကောဋ္ဌာသ ၂၀ ကိုဘဲ မြင်ရတယ်၊ အဲဒါတွေ ကလဲ ပုဂ္ဂိုလ်၊သတ္တဝါ၊ယောကျ်ား၊မိန်းမ မဟုတ်၊ ခက်မာ ခြင်း လက္ခဏာရှိတဲ့ ပထဝီဓာတ်သာ ဟုတ်တယ်။

၂။ တဖန် = သည်းခြေ အစ ကျင်ငယ်အဆုံး ရှိတဲ့ ကောဋ္ဌာသ ၁၂ ပါးကလဲ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား မိန်းမမဟုတ်။ ယိုစီးခြင်းလက္ခဏာ ရှိတဲ့ အာပေါဓာတ် သာ ဟုတ်တယ်။

၃။ တဖန် - မိမိကိုယ်မှာ ရှိတဲ့ သန္တပ္ပနတေဇော ဒဟနတေဇော၊ ဇိရဏတေဇော၊ ပါစကတေဇော ဆိုတဲ့ ကောဋ္ဌာသ လေးပါးကလဲ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား မိန်းမ မဟုတ်၊ ပူအေးခြင်း လက္ခဏာရှိတဲ့ တေဇောဓာတ် သာ ဟုတ်တယ်။

၄။ တဖန် - ဥဒ္ဓင်္ဂမဝါယော၊ အဓောဂမဝါယော ကုစ္ဆိဋ္ဌဝါယော၊ ကောဋ္ဌာသဝါယော၊ အင်္ဂမင်္ဂါနုသာရီ ဝါယော အဿာသ၊ ပဿာသ ဝါယော ဆိုတဲ့

www.dhammaransi.com



ကောင်ဒွာသခြောက်ပါးကလဲ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ မဟုတ်။ ထောက်ခံ ဖိညှပ်ခြင်း လက္ခဏာ ရှိတဲ့ ဝါယောဓာတ်သာဟုတ်တယ်။ (ဤသို့ သိခြင်းသည်လည်း ယထာဘူတဉာဏ်ပေတည်း)။

**အဆိုပါ** = ပထဝီဓာတ်-၂၀၊ အာပေါဓာတ် ၁၂ ပါး တေဇောဓာတ် ၄ ပါး၊ ဝါယောဓာတ် ၆ ပါး၊ ပေါင်း ၄၂ ပါးကလဲ ဒွါစတ္တာလီသ ဓာတ်ကြီး ၄၂ ပါးသာ ဖြစ်တယ်၊ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ မဟုတ်ပါ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်ကိုသာ တွေ့ရပါတယ်၊ ပုဂ္ဂိုလ် သတ္တဝါ မရှိလို့ မတွေ့ရတာလား၊ ရှိပါလျက်သား နှင့် မတွေ့ရတာလားဆိုရင်[တကယ်,ရှိကိုမရှိလို့ မတွေ့ရတာပါ]

**တဖန်** - ဓာတ်တို့၏ သွားခြင်း၊ ဓာတ်တို့၏ ထိုင်ခြင်း ဓာတ်တို့၏ ရပ်ခြင်း၊ ဓာတ်တို့၏ လျောင်းခြင်းသာ ဖြစ်၍ ဓာတ်တော, ပရမတ်တော, ဓာတ်တရား ပရမတ်တရား သက်သက်သာဖြစ်သည်။

ဘယ်မှာလဲ - ငါ၊ ဘယ်မှာလဲ = သူ၊ ဘယ်မှာလဲ = ယောကျ်ား၊ ဘယ်မှာလဲ-မိန်းမ၊ အားလုံး ပညတ်မျှသာ **အစစ်အမှန်** ကျန်ရှိသည်မှာ ဓာတ်ကြီး ၄၂ ပါးသာ ရှိ သည်။ (ပညာမျက်စိ,ဉာဏ်မျက်စိ,ဝိပဿနာမျက်စိ) ဖြင့်

www.dhammaransi.com



စေ့စေ့ငုငုကြည့်ရှုပါလျှင် သူငါဟူက မြူမျှမပါ၊ မြူမျှ မရှိ၊ လုံးလုံးလဲမရှိ, ပြားပြားလဲမရှိပါ၊ အဆိုပါ ဓာတ်ကြီး ၄၂ ပါးသာ ကေန်အမှန်ရှိသည်။ (အဲဒါ ယထာဘူတ ဉာဏ်ပါဘဲ။)

[ သံပေါက် ]

၁။ ဓါတ်ကိုမိမိ၊ မြင်အောင်ကြည့်၊ ကွာဘိဒိဋ္ဌိသာ။

၂။ ဒိဋ္ဌိကွာစင်၊ ပယ်လေးခွင်၊ မိတ်လျှင်တံခါးသာ။

၃။ လူ့ရွာခနွင့်နှုတ်၊ လူးလာခတ်၊ ဆုံးသတ်နိဗ္ဗာန်သာ။

သူ့ငါ့ဆိုသည်မှာ ပညတ်ရုံမျှသာ အမှန်မှာ ရုပ်၊နာမ် ခန္ဓာ၊အာယတန၊ဓာတ် ဆိုတဲ့ ပရမတ်သာဟု မှတ်ပါလေ အဲဒါလဲ ဟုတ်မှန်တဲ့အတိုင်း သိတဲ့ 'ယထာဘူတဉာဏ်ဘဲ၊ အဲဒီ ယထာဘူတဉာဏ် - ကို ကျမ်းဂန်တို့၌ ( တရုဏ = ဝိပဿနာ)ဟု ဆိုသည်။ နုသောဝိပဿနာ-ဟု ဆိုလိုသည် အနုံကို ရင့်လာအောင် အဖန်ဖန် ပွားရမည်၊ ရင့်သော အခါ မဂ် ဖြစ်လာမည်။

အဲဒီယထာဘူတဉာဏ်ဟာ ဉပမာအားဖြင့် ဘာနှင့် တူသလဲဆိုရင် နေအရုဏ်တက်သည်နှင့်တူသည်၊ ဘယ်လိုတူ သလဲ၊ အရုဏ်မတက်သေးလျှင် နေမထွက်သေး၊ အရုဏ် တက်လာလျှင် နေထွက်လာတာဟာ နေ့တိုင်း နေ့တိုင်း

www.dhammaransi.com



လတိုင်းလတိုင်း, နှစ်တိုင်းနှစ်တိုင်း, ကမ္ဘာတိုင်းကမ္ဘာတိုင်း မှာ မြဲသလို၊ မှန်သလို၊ ထို့အတူ ယထာဘူတဉာဏ် ရင့်သန် လျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ပေါ်လာတာ၊ သောတာပန် တိုင်း၊ သကဒါဂါမ်တိုင်း၊ အနာဂါမ်တိုင်း၊ ရဟန္တာတိုင်း မှာ မြဲသည် မှန်သည်ဟု ဆိုလိုပေသည်။

( တူပုံဥပမာ )

နေထွက်တော့မည် ဆိုလျှင် ရှေးဦးစွာ ရောင်ဖြူ လာ သည်၊ ထို့နောက် ရောင်ဝါလာသည်၊ ထို့နောက် ရောင်နီ လာသကဲ့သို့၊ ထို့အတူ သစ္စာလေးပါးမြတ်တရားကို မသိရ အောင်၊ ဖုံးလွှမ်းထားတတ်သော မောဟ အဝိဇ္ဇာမှောင် ပျောက်လိုလျှင် ရောင်ဖြူနှင့်တူသော ယထာဘူတဉာဏ် ဖြစ်မြဲတည်း၊ ထို့နောက် ရောင်ဝါနှင့်တူသော နိဗ္ဗိန္ဒာဉာဏ် ဖြစ်မြဲ၊ ထို့နောက်ရောင်နီ နှင့် တူသော ဂေါတြဘူဉာဏ် ဖြစ်မြဲတည်း။

ရောင်ဖြူနှင့် ယထာဘူတဉာဏ်တူသည်။

ရောင်ဝါနှင့် နိဗ္ဗိန္ဒာဉာဏ် တူသည်။

ရောင်နီနှင့် ဂေါတြဘူဉာဏ် တူသည်။

ဒုတိယအကြိမ်။

www.dhammaransi.com



အထူးမှတ်သားချက်။

၁။ " သတ္တာသ အဒဿနတော ပဋ္ဌာယ
သတ္တသညာ ဥဂ္ဃါဋိတာဟောတိ။"
[ ဝိသုဒ္ဓိမဂ် - ဒု - ဆဋ္ဌမူ၊ နှာ - ၁၆၃ ]

သတ္တဿ၊ လူ နတ် ဗြဟ္မာ သတ္တဝါကို။ အဒဿနတော၊ မမြင်ရသောကာလမှ။ ပဋ္ဌာယ၊ အစပြု၍။ သတ္တသညာ၊ သတ္တဝါဟူသော အမှတ်သညာကို။ ဥဂ္ဃါဋိတာ၊ ပယ်ခွါနိုင်တော့သည်။ ဟောတိ၊ ဖြစ်၏။

သတ္တသညာကို ခွါနိုင်လျှင် ပုဂ္ဂိုလ် သတ္တဝါ မရှိတော့ပြီ ရုပ်နာမ် မျှသာ ရှိတော့သည်။

၂။ " ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ
ဝေတိစ၊ နညတြ ဒုက္ခ သမ္ဘောတိ၊ နညံ
ဒုက္ခာ နိရုဇ္ဈတိ။ "
[ သဂါထာဝဂ္ဂသံယုတ်၊ ဆဋ္ဌမူ၊ နှာ - ၁၃၆ ]

ဒုက္ခမေဝ၊ ဒုက္ခသာလျှင်။ ဝါ၊ ဒုက္ခသစ္စာသာလျှင်၊ သမ္ဘောတိ၊ ဖြစ်၏။ ဒုက္ခံ၊ ဒုက္ခသည်။ တိဋ္ဌတိ၊ တည်၏။ ဝေတိစ၊ ပျက်လည်း ပျက်၏။ ဒုက္ခာ၊ ဒုက္ခမှ။ အညံ၊

ဒုတိယအကြိမ်။

www.dhammaransi.com



တပါးသည်။ န သမ္ဘောတိ၊ မဖြစ်။ ဒုက္ခာ၊ ဒုက္ခမှာ။
အညံ၊ တပါးသည် န နိရုဇ္ဈတိ၊ မချုပ်။

ဘုံသုံးပါးတို့မှာ ဖြစ်တာလဲ ဒုက္ခသစ္စာ၊ တည်နေတာလဲ
ဒုက္ခသစ္စာ၊ ပျက်သွား သေသွားတာလဲ ဒုက္ခသစ္စာ သာ
တည်း၊ ဒုက္ခသစ္စာမှ တပါး မဖြစ်မပျက်။

( အပါယ်ဆေးဘုံမှာ ) ဖြစ်တာလဲ ဒုက္ခ သစ္စာ၊
(လူ့ဘုံမှာ) ဖြစ်တာလဲဒုက္ခသစ္စာ၊ (နတ်ဘုံမှာ) ဖြစ်တာလဲ
ဒုက္ခသစ္စာ၊ ( ဗြဟ္မာ့ဘုံမှာ ) ဖြစ်တာလဲ ဒုက္ခသစ္စာ-ဟု
ဆိုသောကြောင့် ဘုံသုံးပါး-တို့မှာ ဖြစ်သမျှ ပျက်သမျှ
မွေးသမျှ သေသမျှတွေဟာ ဒုက္ခသစ္စာ တခုတည်းသာဟု
သိပါလေ။ သတိရှိပါစေ-အမှက်ရပါစေ။

(ဘုန်းကြီးရဲ့ဆိုလိုရင်းမှာ) - အားလုံးသော တကာ,
တကာမတွေဟာ လူ,နတ်,ဗြဟ္မာ,ပုဂ္ဂိုလ်သတ္တဝါ ဟူသော
ပညတ်ပေါ်တွင် အသိဉာဏ် သောင်တင် — အသိဉာဏ်
အားကုန် အသိဉာဏ် ဆုံးတုံးပြီး မသေစေခြင်ဘူး၊
မနေရလို့သေရင်လဲ ဘုံသုံးပါးတို့မှာ ဖြစ် ပျက် လေ သမျှ
တွေဟာ ရုပ် နာမ်ခန္ဓာသာ ဖြစ်ကြ ပျက်ကြ သည်၊

ဒုတိယအကြိမ်။

မွေးကြ သေကြသည်။ ရုပ်နာမ် ခန္ဓာမှတပါး မွေးစရာ သေစရာမရှိပါ၊ ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာတွေသာ ဖြစ်ကြ ပျက်ကြ မွေးကြ သေကြသည်-ဟု အသိမှန် အမြင်မှန် အယူမှန်(ယထာဘူတဉာဏ်)ကို ရပြီးမှ သေကြပါလေ ဟု တိုက်တွန်း လိုပါသည်။ သို့မှသာ လူဖြစ်ကျိုး, သာသနာ နှင့်-တွေ့ရကျိုးနပ်ကြမည်ဟု သိပါလေ၊ သူတော်ကောင်း တွေတို့။

( ယထာဘူတဉာဏ် အမြင်မှန် ပြီးပါပြီ။ )

ဒုတိယအကြိမ်။

အလှူရှင်အမည် ....................

နေရပ်လိပ်စာ ....................

အုပ်ရေပေါင်း ....................


ဘာသာရေးခွင့်ပြုအမှတ် ( ၂၈ )

ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း၊

၁၉၈၁-ခု၊ အုပ်ရေ- ၂၀၀၀

တအုပ် တန်ဘိုး= ၃ိ။

ပုံနှိပ်သူ — ဦးမောင်ကြီး ( ၀၁၀၃၁-မြ )
ခေတ်ဆန်းညွန့်ပုံနှိပ်တိုက်
၈၃-လမ်း၊ ကမ္ဗဝါတန်း၊
မန္တလေးမြို့။

ထုတ်ဝေသူ — ဦးမောင်ကြီး ( ၀၂၂၄၇ )
ဦးမောင်ကြီး စာပေ။
၈၃-လမ်း၊ ကမ္ဗဝါတန်း။
မန္တလေးမြို့။


---